# မြေမှုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**မိမိကိုယ်သာ ကိုးကွယ်ရာ**

မိမိသာလျှင် မိမိ၏ကိုးကွယ်ရာဖြစ်၏၊ မိမိသည်သာလျှင် မိမိ၏(နောင်ဘဝအတွက်)သွားရာ (မှီခိုရာ) ဖြစ်၏။ ထို့ကြောင့် မြင်းကုန်သည်သည် အမျိုးကောင်းသော မြင်းကို ကောင်းစွာစောင့်ရှောက်သကဲ့သို့ မိမိကိုယ်ကို (အကုသိုလ်ကင်းအောင်) စောင့်ရှောက်လေ၊။

ဘိက္ခုဝဂ်( ဓမ္မပဒ-၃၈၀)


၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်၊ ကြာသပတေးနေ့။ Thursday, 13 November 2025 ၁၂၀၀၀


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ရှေးဟောင်းအမွေအနှစ် ဂုတ်ထိပ်တံတားကြီး အောင်မြင်စွာ ပြင်ဆင်ပြီးစီး

နေပြည်တော် နိုဝင်ဘာ ၁၂

၂၀၂၅ ခုနှစ် ဩဂုတ် ၂၄ ရက်တွင် သောင်းကျန်းသူများ၏ မိုင်းထောင် ဖောက်ခွဲဖျက်ဆီးခြင်းခံခဲ့ရသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်ရှိ ရှေးဟောင်းအမွေအနှစ် ဂုတ်ထိပ်တံတားကြီး၏ ပျက်စီးသွားသောအစိတ်အပိုင်းများကို မြန်မာ့မီးရထားအင်ဂျင်နီယာများက ရှေးမူရင်းလက်ရာဒီဇိုင်းအတိုင်း အောင်မြင်စွာ ပြန်လည်ပြင်ဆင်ပြီးစီးခဲ့ပြီး ဖြစ်သည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ✰



ပြန်လည်ပြင်ဆင်ပြီးစီးခဲ့သည့် ဂုတ်ထိပ်တံတားကြီးအား ဝေဟင်မှ တွေ့ရစဉ်။

### ယနေ့ ဖတ်စရာ

**နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို သံတမန်များအား ရှင်းလင်းပြောကြား**

စာမျက်နှာ » ၃

---

**မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန်များ ရှင်သန်ထက်မြက်ခဲ့သည့် အမျိုးသားအောင်ပွဲနေ့**

ဆောင်းပါး စာမျက်နှာ » ၆

---

**နိုင်ငံအတွက်၊ မြို့နယ်အတွက်၊ ရပ်ကွက်၊ ကျေးရွာပါမကျန် အားလုံး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနိုင်မယ့် သူမျိုးကို ရွေးချယ်မဲပေးသွားမှာ ဖြစ်ပါတယ်**

စာမျက်နှာ » ၉



## တပ်ကုန်းမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် နှမ်းဧက ၁၁၃၀၀ ကျော် လျာထားစိုက်ပျိုး

တပ်ကုန်း နိုဝင်ဘာ ၁၂

နေပြည်တော် တပ်ကုန်းမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် နှမ်း ၁၁၃၆၇ ဧက လျာထားစိုက်ပျိုးလျက်ရှိပြီး တောင်သူများ နှမ်းသီးနှံ စိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ရန်နှင့် အခက်အခဲမရှိ အဆင်ပြေစွာစိုက်ပျိုးနိုင်ရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မြို့နယ်အတွင်း ဆီထွက်သီးနှံ နှမ်းကို ၁၁၃၆၇ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ နှမ်းစိုက်ပျိုးတာနဲ့ပတ်သက်ပြီး တောင်သူတွေ အခက်အခဲမရှိစိုက်ပျိုးနိုင်ရေး၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍

ကြေးမုံ

# နိုင်ငံတော်နှင့် ပြည်သူ ပူးပေါင်းလက်တွဲ ပြိုင်တူတွန်း၍ ပန်းတိုင်တက်လှမ်း

မြန်မာနိုင်ငံသည် သမိုင်းကြောင်းအရဖြစ်စေ၊ နိုင်ငံရေးအရဖြစ်စေ လွတ်လပ်စွာ ဆောင်ရွက်နိုင်ခဲ့သည့်နိုင်ငံဖြစ်သည်။ လွတ်လပ်ပြီး အချုပ်အခြာအာဏာ ပိုင်ဆိုင်သည့်နိုင်ငံအဖြစ် အစဉ်အဆက် တရားဝင်ရပ်တည်နိုင်ခဲ့သည်။ အချုပ်အခြာအာဏာသည် နိုင်ငံသားထံမှဆင်းသက်ပြီး မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် တည်နေသည်။ မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒသည် လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သည့်ဝါဒဖြစ်သည်။ သူတစ်ပါးနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းလည်းမရှိ မိမိနိုင်ငံ၏ ပြည်တွင်းရေးအား ဝင်ရောက်စွက်ဖက်ခြင်းကိုလည်း လက်မခံသည့်နိုင်ငံဖြစ်သည်။

နိုင်ငံသူ နိုင်ငံသားများ၏ စည်းလုံးညီညွတ်သော ပြည်တွင်းအားဖြင့် ကိုယ့်ကံကြမ္မာကို ကိုယ်တိုင်ပင် အကောင်းဆုံးဖန်တီးနေသောနိုင်ငံဖြစ်သည်။ မိမိနိုင်ငံနှင့် ကိုက်ညီသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည့်စနစ်များကို မိမိတို့၏ ကိုယ်ပိုင်စွမ်းပကားများဖြင့် အကောင်းဆုံးဖြစ်အောင် နိုင်ငံတော်၏ဦးဆောင်မှုဖြင့် ပြည်သူအပေါင်းတို့က ပါဝင်ဆောင်ရွက်လျက်ရှိသည်။ ယခုအခါတွင် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်ရန် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အပိုင်းလိုက် စနစ်တကျ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ဆောင်ရွက်နေချိန်တွင် အနှောင့်အယှက် အဖျက်အမှောင့်များ ပေါ်ပေါက်လာသည်မှာ အထူးအဆန်း မဟုတ်သည့် လုပ်နေကျပင်ဖြစ်သည်။

အဓိကမှာ နိုင်ငံတော်ကောင်းကျိုး၊ ပြည်သူပြည်သားများ အကျိုးစီးပွားအတွက် တိုင်းရင်းသားပြည်သူအားလုံး စည်းလုံးညီညွတ်စွာဖြင့် နိုင်ငံတော်နှင့်အတူ လက်တွဲပါဝင်ဆောင်ရွက်ကြဖို့ လိုအပ်သည်။ နိုင်ငံတော်တွင် တိုင်းရင်းသားလူမျိုးအချင်းချင်း သဘောထားကွဲလွဲခြင်း၊ စည်းလုံးညီညွတ်မှုမရှိခြင်း၊ အချင်းချင်းရန်လိုတိုက်ခိုက်လိုစိတ်ရှိခြင်းတို့ဖြင့် ရပ်တည်နေပါက အခြားတစ်ပါး မလိုလားသည့် သွေးခွဲလိုသူများ၊ ဝင်ရောက်စွက်ဖက်လိုသူများက ဝမ်းသာအားရ ဆက်လက်သွေးခွဲပြီး နှောင့်ယှက်နေကြမည်သာဖြစ်သည်။

ထို့ကြောင့် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်အောင်မြင်ရေး၊ နိုင်ငံတော်နှင့်ပြည်သူ နိုင်ငံတကာအလယ်တွင် တင့်တယ်မော်ကြွားစွာ ရပ်တည်နေနိုင်ရေးအတွက် ပြည်သူအားလုံး တစည်းတလုံးတည်းဖြင့် တက်ညီလက်ညီ ကျရာအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ ဒီမိုကရေစီစနစ်ဖြင့် နိုင်ငံကိုတည်ဆောက်ရာ၌ ဒီမိုကရေစီစနစ်နှင့်အညီ မှန်မှန်ကန်ကန်လျှောက်လှမ်းနိုင်ရန် ကြိုးပမ်းဆောင်ရွက်မှုနှင့် မမှန်မကန်ဆောင်ရွက်ခဲ့မှုများကို သိရှိကြပြီးဖြစ်သည်။ ရွေးကောက်ပွဲအောင်မြင်မှသာ ပြည်သူများလိုလားသည့် နိုင်ငံရေး၊ စီးပွားရေးစသည်တို့ကို ပြည်သူများဆန္ဒနှင့်အညီ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ပြီးခဲ့သည့်ကာလက ဒီမိုကရေစီအခင်းအကျင်းကို ပျက်ယွင်းစေသည့်အခြေအနေများကြောင့် ဒီမိုကရေစီစနစ်ကို ပြန်လည်တည့်မတ်ပေးနေခြင်းဖြစ်သည်။ ပုံဖော်ပေးနေခြင်းဖြစ်သည်။

ကျင့်သုံးနေသော ဒီမိုကရေစီစနစ်အရ ပြည်သူများကိုယ်စား ဆောင်ရွက်ပေးရမည့် လွှတ်တော်ကိုယ်စားလှယ်များကို ပြည်သူလူထုက အမှန်တကယ်ဖြစ်စေရန် ရွေးချယ်ပေးရခြင်းဖြစ်သည်။ ရွေးကောက်ပွဲတွင် ပြည်သူလူထုနှင့်အမြင်တူသူများ၊ ဖြစ်လိုသည့်ဆန္ဒကို ထပ်တူ သို့မဟုတ် အနီးစပ်ဆုံး ဆောင်ရွက်ပေးနိုင်မည့်သူများ၊ နိုင်ငံတော်၏ အကျိုးစီးပွား၊ ပြည်သူများ၏ အကျိုးစီးပွားကို ကိုယ်စားပြု အမှန်တကယ် ဖော်ဆောင်ပေးမည့်သူများကို ရွေးချယ်ခြင်းဖြစ်သည်။ ရွေးချယ်ပေးလိုက်သည့် ကိုယ်စားလှယ်သည် တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့် ရှိ/မရှိ စောင့်ကြည့်ထိန်းကျောင်းနိုင်သည်။ ရွေးကောက်ပွဲတွင် မိမိနှစ်သက်သူကို ရွေးချယ်မှုများလေလေ ရွေးကောက်ခံကိုယ်စားလှယ်သည် တာဝန်ယူမှုပိုရှိလေလေဖြစ်သည်။ ထို့အပြင် ရွေးကောက်ခံကိုယ်စားလှယ်သာမက ရွေးကောက်ပွဲဂုဏ်သိက္ခာပါမြင့်မားလာနိုင်သည်။

သို့ဖြစ်ရာ ရွေးကောက်ပွဲသည် အားလုံးနှင့်ဆိုင်သည့် အမျိုးသားရေးလုပ်ငန်းစဉ်ဖြစ်သည်။ ရွေးကောက်ပွဲတွင် အကြောင်းအမျိုးမျိုးဖြင့် မပါဝင်ဖြစ်ပါက နိုင်ငံသားတာဝန်ပျက်ကွက်ရာရောက်သည်။ ရွေးကောက်ပွဲဆိုသည်မှာ ပြည်သူ့အသံကို နားထောင်ပြီး ပြည်သူများအတွက် ကောင်းကျိုးဆန္ဒများကို အမြန်ဆုံးဖြည့်ဆည်းပေးနိုင်သည့် ယန္တရားတစ်ခုဖြစ်သည်။ ပြည်သူများအနေဖြင့် မိမိပတ်ဝန်းကျင်၊ မြို့ရွာဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ကောင်းကျိုးလိုရာဆန္ဒများကို မိမိတို့ရွေးချယ်လိုက်သည့် ကိုယ်စားလှယ်များမှတစ်ဆင့် အစိုးရထံမှ တောင်းဆိုနိုင်သည့် အခွင့်အရေးများရရှိလာမည်ဖြစ်သည်။ အဆိုပါအခွင့်အရေးသည် နိုင်ငံသားများ၏ အခွင့်အရေးဖြစ်သည်။ နိုင်ငံသားများ၏ ရပိုင်ခွင့်များဖြစ်သည်။ နိုင်ငံသားရပိုင်ခွင့်များ၊ အခွင့်အရေးများ မဆုံးရှုံးစေရန် မဲပေးပိုင်ခွင့်ရှိသည့် နိုင်ငံသူ နိုင်ငံသားများအားလုံး ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ပါဝင်မဲပေးကြပါရန် တိုက်တွန်းနှိုးဆော်လိုက်ရပါကြောင်း။ ။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန
## ကြေညာချက်

၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့ကြသူများအတွက် ပထမနှစ်ဝင်ခွင့်ရသူများစာရင်းကို ၁၃-၁၁-၂၀၂၅ ရက်တွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန၏ Website: https://www.dtvet.gov.mm နှင့် သက်ဆိုင်ရာအစိုးရနည်းပညာကောလိပ်များတွင် ကြေညာထားမည်ဖြစ်ပါသည်။

နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန

## သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန
## ကြေညာချက်

၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့ကြသူများအတွက် ပထမနှစ် ဝင်ခွင့်ရသူများစာရင်းကို (၁၃-၁၁-၂၀၂၅) ရက်တွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန၏ Website: http://www.dast.edu.mm နှင့် သက်ဆိုင်ရာတက္ကသိုလ်များတွင် ကြေညာထားမည်ဖြစ်ပါသည်။

အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန

## တာချီလိတ်မြို့၌ မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး

တာချီလိတ် နိုဝင်ဘာ ၁၂

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ မြို့နယ်မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှု ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က ခရိုင်/မြို့နယ် စုပေါင်းရုံး မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်စွာမျိုးက အမှာစကားပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်ဆွေဦးနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဦးစီးအရာရှိ ဦးမြတ်ကိုကိုဇော်တို့က မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်စေရေး စနစ်တကျ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နေမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြသည်။

ကျော်ဇေယျာလင်း (ပြန်/ဆက်)

## ၁၂ - ၁၁ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၉၈၀၀၀၀ ဖြစ်သည်။**

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၂ - ၁၁ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၇၀၀ | ၈,၆၀၀ | ၂၀၃ | ၁,၇၄၆,၁၀၀ |
| MTSH | ၃,၅၀၀ | ၃,၅၀၀ | ၄၄၁ | ၁,၅၄၃,၅၀၀ |
| MCB | ၇,၈၀၀ | ၇,၈၀၀ | ၂၀ | ၁၅၆,၀၀၀ |
| FPB | ၂,၂၀၀ | ၂,၂၀၀ | ၂၁၅ | ၄၇၃,၀၀၀ |
| TMH | ၂,၉၀၀ | ၂,၉၀၀ | ၆၁ | ၁၇၆,၉၀၀ |
| EFR | ၁,၇၅၀ | ၁,၇၀၀ | ၁၈၀ | ၃၀၆,၁၅၀ |
| AMATA | ၃,၅၅၀ | ၃,၆၀၀ | ၁၉၆ | ၆၉၅,၈၅၀ |
| MAEX | ၃,၁၀၀ | ၃,၁၀၀ | ၃၄ | ၁၀၅,၄၀၀ |
| MADPL(PLB) | ၂,၇၀၀ | ၂,၇၀၀ | ၇၄၂ | ၂,၀၀၃,၄၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဝင်းနိုင်
ခေတ္တ စာတည်းမှူး - အောဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း သတင်းထောက်များ - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
အငယ်တန်း သတင်းထောက်များ - အောင်ကျော်ဦး၊ သန်းတင်အောင်၊ ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင့်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နီလာစိုးနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်



**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍
ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို သံတမန်များအား ရှင်းလင်းပြောကြား

ရန်ကုန် နိုဝင်ဘာ ၁၂

နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်တိုးတက်မှု အခြေအနေများနှင့်ပတ်သက်၍ ရန်ကုန်မြို့ အခြေစိုက် သံတမန်များနှင့် ကုလသမဂ္ဂ အဖွဲ့အစည်းမှ ကိုယ်စားလှယ်များအား ရှင်းလင်းပြောကြားခြင်း အစီအစဉ်ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပပြုလုပ်သည်။





ရှင်းလင်းပြောကြားမှု အစီအစဉ်သို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးအောင်လွင်ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တို့မှ တာဝန်ရှိသူများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ သံတမန်များနှင့် ကုလသမဂ္ဂ အဖွဲ့အစည်းမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက မကြာမီကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကို လွတ်လပ်၍ တရားမျှတပြီး အားလုံးပါဝင်သော ရွေးကောက်ပွဲဖြစ်စေရန် ပြင်ဆင်နေမှုများ၊ ရွေးကောက်ပွဲကို အပိုင်းလိုက် ကျင်းပမည့် အစီအစဉ်များ၊ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်လိုသည့် နိုင်ငံရေးပါတီများ၊ ကိုယ်စားလှယ်လောင်းများအား ကန့်သတ်ထားခြင်းမရှိဘဲ ဥပဒေ စည်းမျဉ်းစည်းကမ်းများနှင့်အညီ မှတ်ပုံတင်ခွင့်ပြုခဲ့ခြင်း၊ ပွင့်လင်းမြင်သာသည့် ရွေးကောက်ပွဲ ဖြစ်စေရန်အတွက် ပြည်တွင်း ပြည်ပမှ လေ့လာသူအဖွဲ့များ၊ နိုင်ငံတကာမှ သံတမန်များနှင့် အဖွဲ့အစည်းများအား ဖိတ်ကြားထားခြင်း၊ ပြည်တွင်းပြည်ပမီဒီယာများအား မှတ်ပုံတင်ခွင့်ပြုထားခြင်း၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့်ပတ်သက်၍ နိုင်ငံတော် အစိုးရအနေဖြင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအားလုံးကို ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် ပါဝင်ရန်နှင့် ထိတွေ့ဆွေးနွေးမှုများမှ တစ်ဆင့် နိုင်ငံရေးလုပ်ငန်းစဉ်တွင် ပါဝင်ရန် ဖိတ်ခေါ်မှု အခြေအနေများ၊ နယ်စပ်ဒေသများကို အခြေပြု၍ ဖြစ်ပေါ်နေသည့် နိုင်ငံဖြတ်ကျော် မှုခင်းများ၊ နယ်စပ်အခြေပြု လက်နက်ကိုင်အဖွဲ့များက ကာစီနို၊ အွန်လိုင်းလောင်းကစား စသည်တို့ကို နိုင်ငံတကာ ရာဇဝတ်ဂိုဏ်းများနှင့်အတူ ကျူးလွန်ဆောင်ရွက်နေမှုများကို တိုက်ဖျက်နေသည့် ကိစ္စများ၊ ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစ၍ ၂၀၂၅ ခုနှစ် နိုဝင်ဘာလအထိ ၂ နှစ်ကျော်ကာလအတွင်း မြန်မာနယ်စပ်သို့ အိမ်နီးချင်းနိုင်ငံမှတစ်ဆင့် တရားမဝင်ရောက်ရှိနေသည့် နိုင်ငံပေါင်း ၅၂ နိုင်ငံမှ နိုင်ငံခြားသား ၆၇၉၈၂ ဦးအား အိမ်နီးချင်း နိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာ နိုင်ငံများထံသို့ ပြန်လည်လွှဲပြောင်းပေးမှု အခြေအနေများ၊ အိမ်နီးချင်း နယ်စပ်လမ်းကြောင်းများမှ တရားမဝင်ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့ မဲ့ထော်သလေး KK Park နယ်မြေများတွင် အခိုင်အမာအခြေချ၍ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်နေသည့် ဂိုဏ်းများအား တိုက်ဖျက်ချေမှုန်းနေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့ပြင် မြန်မာနိုင်ငံသို့ တရားမဝင် ဝင်ရောက်သူများ၏ ၉၉ ဒသမ ၅ ရာခိုင်နှုန်းမှာ အိမ်နီးချင်းနိုင်ငံများမှတစ်ဆင့် ကုန်းလမ်းမှ ဝင်ရောက်လာခြင်း၊ ယင်းရာဇဝတ်ဂိုဏ်းများ၊ လက်နက်ကိုင်အဖွဲ့အစည်းများသည် အင်တာနက်၊ လျှပ်စစ်မီး၊ ငွေကြေးလွှဲပြောင်းမှုများကို အိမ်နီးချင်းနိုင်ငံများမှ အခြေခံ အဆောက်အအုံများကို အသုံးပြု ဆောင်ရွက်ကြောင်း တွေ့ရှိရသဖြင့် အဆိုပါနယ်စပ်ဖြတ်ကျော် ရာဇဝတ်မှုများကို တိုက်ဖျက်နိုင်ရေးအတွက် အိမ်နီးချင်းနိုင်ငံများ၏ အပြည့်အဝပူးပေါင်းဆောင်ရွက်မှု လိုအပ်ကြောင်း၊ မြန်မာနိုင်ငံ၏ ပကတိမြေပြင် အခြေအနေများကို သံတမန်များအနေဖြင့် သက်ဆိုင်ရာအစိုးရများထံ မှန်ကန်စွာ တင်ပြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူများက အီလက်ထရောနစ် မဲပေးစက်အသုံးပြု၍ မဲပေးပုံနည်းစနစ်အကြောင်း ရှင်းလင်းသရုပ်ပြရာ တက်ရောက်လာသည့် သံတမန်များက Electronic Voting Machine ကို လက်တွေ့စမ်းသပ်အသုံးပြုခြင်း၊ သိရှိလိုသည်များအား မေးမြန်းဆွေးနွေးခြင်းတို့ ဆောင်ရွက်ကြသည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက နယ်စပ်ဖြတ်ကျော်ရာဇဝတ်မှုများ၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရာတွင် မြန်မာနိုင်ငံ၌ မထုတ်လုပ်နိုင်သည့် ဓာတုအခြေပြု မူးယစ်ဆေးဝါးများ နယ်စပ်နိုင်ငံများမှ တစ်ဆင့် မြန်မာနိုင်ငံသို့ ဝင်ရောက်နေမှုများ ထိန်းချုပ်နိုင်ရေး၊ EAOs များ အဓိကပါဝင်နေပြီး မြန်မာနိုင်ငံ၏ ပြည်တွင်းနိုင်ငံရေး တည်ငြိမ်မှုနှင့် တိုက်ရိုက် သက်ဆိုင်နေခြင်းတို့ကြောင့် အလေးထားဆောင်ရွက်နေကြောင်း၊ ယင်းကို အိမ်နီးချင်းနိုင်ငံများက ဝိုင်းဝန်းထိန်းချုပ်ပေးရန်နှင့် အလေးထားစောင့်ကြည့်အရေးယူ ဆောင်ရွက်ပေးရန် မေတ္တာရပ်ခံလိုကြောင်းပြောကြားပြီး အွန်လိုင်းလောင်းကစားဂိုဏ်းများတိုက်ဖျက်ရာ၌ ထိန်းသိမ်း၍ ပြန်လည် ပို့ဆောင်ခဲ့ရသူအချို့၏ ဖြေကြားချက်များကို ဗီဒီယိုဖြင့် ပြသရှင်းလင်းသည်။

ထို့အတူ KK Park ရှိ အဆောက်အအုံ စုစုပေါင်း ၆၂၅ လုံးအနက် ပထမအဆင့်တွင် ၁၄၈ လုံး ဖြိုချဖျက်ဆီးနေမှု၊ ဒုတိယအဆင့်တွင် ၆၂ လုံး၊ တတိယအဆင့်တွင် ၄၂၅ လုံး ဆက်လက်ဖြိုချ သွားမည့်အခြေအနေများကို ပြောကြားခဲ့ပြီး ရောက်ရှိနိုင်ငံ၊ မူရင်းနိုင်ငံနှင့် တစ်ဆင့်ခံနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှု အရေးကြီးကြောင်း ဆွေးနွေးခဲ့သည်။

ယင်းနောက် တက်ရောက်လာသည့် သံတမန်များက သိရှိလိုသည်များကို မေးမြန်းခဲ့ပြီး တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

**○ တပ်ကုန်းမြို့နယ်မှ**

အထွက်နှုန်းများတိုးတက်စေရေး၊ စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းတွေကို ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးပါတယ်။ ဒီဒေသမှာက ဆီထွက်သီးနှံစိုက်ပျိုးမှုအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်”ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ကွင်းပညာပေးဝန်ထမ်းတစ်ဦးက ပြောသည်။

**ပညာပေးလုပ်ငန်းများဆောင်ရွက်**

တပ်ကုန်းမြို့နယ်တွင် နှမ်းစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ ဘက်စုံသီးနှံပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းရေး စသည့် တောင်သူပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**တင်စိုးလွင်(ပြန်/ဆက်)**

---

## ရေတာရှည်မြို့နယ်၌ မဲရုံထားရှိမည့်နေရာ ကွင်းဆင်းကြည့်ရှု

ရေတာရှည် နိုဝင်ဘာ ၁၂

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်များမဲပေးမည့် မဲရုံစီစဉ်ထားရှိမှုအခြေအနေများကို ယမန်နေ့နံနက်ပိုင်းက ရေတာရှည်မြို့နယ်နှင့် ဆွာ၊ သာဂရ၊ မြို့လှ၊ ရေနီရှိ ရပ်/ကျေးများတွင် မဲရုံထားရှိမည့်နေရာများသို့ ကွင်းဆင်းစစ်ဆေးကြည့်ရှုသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးဥက္ကာသန်း၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက မဲရုံထားရှိမည့်နေရာများကို လိုက်လံစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။



ဆက်လက်ပြီး မွန်းလွဲပိုင်းတွင် အထက (ရေတာရှည်) အောင်ဆန်းခန်းမ၌ ဝန်ထမ်းများနှင့် ပြည်သူများအား မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ဖြင့် မဲပေးသရုပ်ပြခြင်းကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အာမခံအလုပ်သမားများ ထောက်ပံ့မှုအကျိုးခံစားခွင့်ပေးအပ်ခြင်းနှင့် အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲ ကျင်းပ

မန္တလေး နိုဝင်ဘာ ၁၂

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အာမခံအလုပ်သမားများအား သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှု အကျိုးခံစားခွင့်နှင့် သားသမီးများအား ပညာသင်စရိတ်ဆိုင်ရာ မိသားစုထောက်ပံ့မှု အကျိုးခံစားခွင့်ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့တော်ခန်းမ၌ ကျင်းပသည်။




အခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ အလုပ်သမားဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် အရာထမ်း၊ အမှုထမ်းများ၊ အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက လူမှုဖူလုံရေးအဖွဲ့အနေဖြင့် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေတွင် ပါရှိသည့် အာမခံစနစ် ခြောက်မျိုးအနက် နိုင်ငံ၏အခြေအနေနှင့် ကိုက်ညီဆောင်ရွက်နေသော အာမခံစနစ်သုံးမျိုးမှ စုစုပေါင်းအကျိုးခံစားခွင့် ၁၅ မျိုးကို ရရှိခံစားရမည်ဖြစ်ပြီး ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှုအာမခံစနစ် ထည့်ဝင်ကြေး ပေးသွင်းထားရှိပါက မိသားစုထောက်ပံ့မှု အကျိုးခံစားခွင့်ဖြစ်သည့် သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ အကျိုးခံစားခွင့်နှင့် ပညာသင်စရိတ်ခံစားခွင့်များကို ရရှိမည်ဖြစ်ကြောင်း၊ မန္တလေးလျှင်ဘေးသင့်ခဲ့သည့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ လူမှုဖူလုံရေးအဖွဲ့တွင် မှတ်ပုံတင်ထားသော အလုပ်ဌာန ၇၄၃၀၊ အာမခံအလုပ်သမား ၁၂၁၃၃၀ ကို သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်းထုတ်ပေးသည့် ယနေ့အခမ်းအနားတွင် အာမခံအလုပ်သမား ၂၅၅၃၄ ဦးအတွက် ငွေကျပ် ၂၀၂၀ ဒသမ ၃၁၉ သန်းကို ပေးအပ်သွားမည်ဖြစ်ကြောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်း စုစုပေါင်း အာမခံ အလုပ်သမား ၇၈၃၄၂ ဦးအတွက် ငွေကျပ် ၆၂၃၆ ဒသမ ၅၄၆ သန်းကို Online Payment စနစ်ဖြင့် အာမခံအလုပ်သမားများ၏ လက်ဝယ်အရောက် စနစ်တကျပေးအပ်နိုင်ခဲ့ပြီး လျှောက်ထားလာသည့် အလုပ်သမားများ၏ ၉၉ ဒသမ ၁၆ ရာခိုင်နှုန်းကို ခွင့်ပြုထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း။

ထို့ပြင် ခွင့်ပြုပေးရန် ကျန်ရှိသည့် အာမခံအလုပ်သမား ၂၂၉ ဦးတို့၏ သားသမီး ၃၁၃ ဦးတို့အတွက် ပညာသင်စရိတ် ငွေကျပ် ၁၂ ဒသမ ၁၀၈ သန်းကို ခွင့်ပြုထုတ်ပေးမည်ဖြစ်ကြောင်းနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိအာမခံအလုပ်သမား ၁၁၂၁၉ ဦးတို့၏ သားသမီး ၁၅၂၁၃ ဦးတို့အတွက် ပညာသင်စရိတ် စုစုပေါင်းငွေကျပ် ၅၉၈ ဒသမ ၉၀၅ သန်းကို ပေးအပ်ပြီးဖြစ်၍ လျှောက်ထားသည့် အလုပ်သမားများ၏ ၉၅ ဒသမ ၃၆ ရာခိုင်နှုန်းကို ထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ထံသို့ သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှုအကျိုးခံစားခွင့် ၄၀ရာခိုင်နှုန်းငွေကျပ် ၂၀၂၀ ဒသမ ၃၁၉ သန်းနှင့် ပညာသင်စရိတ်ထောက်ပံ့ကြေးငွေ ငွေကျပ်၁၂ ဒသမ ၁၀၈ သန်းကို လွှဲပြောင်းပေးအပ်ခဲ့ပြီး မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲဖွင့်ပွဲကို အဆိုပါခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ ကိုယ်စားလှယ်များ၊ အလုပ်သမားအဖွဲ့ချုပ်များ၊ ခုံသမာဓိကောင်စီဝင်များ၊ အထက်မြန်မာပြည်ရှိ တိုင်းဒေသကြီး/ပြည်နယ်များမှ ခုံသမာဓိအဖွဲ့ဝင်များ၊ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အဆိုပါနှီးနှောဖလှယ်ပွဲကို အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေနှင့်အညီ စစ်ဆေးဆုံးဖြတ်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများအတွက် ဖြေရှင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများ ထွက်ပေါ်လာစေရန်ရည်ရွယ်၍ ပြုလုပ်ရခြင်းဖြစ်သောကြောင့် နှီးနှောဖလှယ်ပွဲသို့ တက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးပေးကြရန် ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးအပ်ထားမှုအခြေအနေများ၊ အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ(WCC) ဖြင့် ဖြေရှင်းဆောင်ရွက်ပေးခြင်းကြောင့် အငြင်းပွားမှုများ လျော့နည်းလာသည့်အခြေအနေများနှင့် တက်ရောက်သူများက မိမိတို့၏ အတွေ့အကြုံများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးအဖြေရှာကြစေလိုကြောင်း ပြောကြားပြီး ပထမပိုင်းအစီအစဉ် ရုပ်သိမ်းကာ ဒုတိယပိုင်းအစီအစဉ်ဆွေးနွေးပွဲများကို ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

☆ **ရှေ့ဖုံးမှ**

ယင်းသို့ဆောင်ရွက်ပြီးစီးမှုကို ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး၊ ဒုတိယဝန်ကြီး ဦးအောင်မြင့်နှင့် မြန်မာ့မီးရထားမှ တာဝန်ရှိသူများပါဝင်သောအဖွဲ့သည် ယမန်နေ့က ဂုတ်ထိပ်တံတားကြီးပေါ်၌ ရထားစမ်းသပ်မောင်းနှင်နေခြင်းအား သွားရောက်စစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့ရှိ ကွန်ကရစ်ဇလီဖားစက်ရုံသို့ ရောက်ရှိ စစ်ဆေးရာ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အရာထမ်း အမှုထမ်းများက ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၁ ရက်မှစ၍ အကြမ်းဖက်သောင်းကျန်းသူများ ဝင်ရောက်ဖျက်ဆီးခဲ့ခြင်းကြောင့် ကွန်ကရစ်ဇလီဖားစက်ရုံ၏ ပျောက်ဆုံး/ပျက်စီးသွားခဲ့သော စက်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ အရန်ထားရှိသည့်ပစ္စည်းများ၊ ယာဉ်ယန္တရားများ စုစုပေါင်း ၁၇၉ မျိုး၊ ကာလတန်ဖိုးငွေကျပ် ၃၈၈၈ ဒသမ ၆၂ သန်းခန့် ဆုံးရှုံးခဲ့ရသည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက စက်ရုံအမြန်ဆုံး ပြန်လည် လည်ပတ်နိုင်ရေးနှင့် လုပ်ငန်းအပေါ်မူတည်၍ အရေးကြီးသည့်ကဏ္ဍအလိုက် ဦးစားပေးဆောင်ရွက်ရန် ကိစ္စရပ်များကို မှာကြားကာ စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် သီပေါမြို့ရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(အော်တိုအိတ်ချိန်း)ရုံး၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန(မြို့နယ်ရုံး)၊ သီပေါဘူတာနှင့် မြန်မာ့စာတိုက်လုပ်ငန်း (သီပေါစာတိုက်) တို့ကို ကြည့်ရှုစစ်ဆေးကာ မြန်မာ့စာတိုက်လုပ်ငန်း (သီပေါစာတိုက်)၌ ဝန်ကြီးဌာန၏ ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက ဌာနအချင်းချင်း ပေါင်းစပ်ညှိနှိုင်းပြီး ရည်မှန်းချက်အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ လုပ်ငန်းများကို စနစ်တကျဆောင်ရွက်ရေးနှင့် မိမိတို့၏လုပ်ငန်း တာဝန်များကို ထမ်းဆောင်ရာ၌ စေတနာထားကြိုးစားဆောင်ရွက်ရေးကိစ္စများကို မှာကြားကာ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည်ကျောက်မဲမြို့သို့သွားရောက်၍ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ယာဉ်စည်းကမ်း လမ်းစည်းကမ်း ပညာပေးသင်တန်းခန်းမ၌ ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့်တွေ့ဆုံ၍ အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ဆက်လက်၍ ကျောက်မဲဘူတာသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဘူတာနှင့် ယာဒ်ဝန်းများ သန့်ရှင်းသပ်ရပ်မှု ရှိစေရေး၊ ရထားများ ပြန်လည်ပြေးဆွဲနိုင်ရေးအတွက် လမ်းပိုင်းကြံ့ခိုင်မှု အခြေအနေများကို စစ်ဆေးပြုပြင်သွားရန် ကိစ္စရပ်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် နောင်ချိုမြို့နယ်ရှိဂုတ်ထိပ်ဘူတာသို့ ရောက်ရှိပြီး ရာနှုန်းပြည့်ပြန်လည်ပြုပြင်ပြီးစီးပြီဖြစ်သည့် ဂုတ်ထိပ်တံတားကြီးပေါ်မှ ကုန်တန်ချိန် ၂၀၉ တန် တင်ဆောင်ထားသည့် ရထားတွဲဆိုင်းဖြင့် စမ်းသပ်ဖြတ်သန်းမောင်းနှင်နေမှုကို ကြည့်ရှုကာ RGC သံလမ်းပြေးယာဉ်ဖြင့် ဂုတ်ထိပ်ဘူတာမှ လားရှိုးဘက်ခြမ်းတံတားထိပ်အထိ လိုက်ပါစီးနင်း၍ ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ဂုတ်ထိပ်တံတားသည် ယခုနှစ် ဩဂုတ် ၂၄ ရက်တွင် အကြမ်းဖက်သောင်းကျန်းသူများ၏ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခံရမှုကြောင့် တံတားကြီး၏ လားရှိုးဘက်အခြမ်းကမ်းကပ်ခုံနှင့် တံတားတိုင်အမှတ် (၁၆)အကြား တံတားသံပေါင်နှစ်ဖက်စလုံး ကျိုးကျပျက်စီးခဲ့ရပြီး ယင်းပျက်စီးသွားသော တံတားသံပေါင်နေရာများတွင် မြန်မာ့မီးရထား အင်ဂျင်နီယာဌာန၏ တံတားပေါင် အလုပ်ရုံ (ရန်ကုန်)မှ ထုတ်လုပ်သည့် သံပေါင်များဖြင့် ရက်ပေါင်း ၇၆ ရက်အတွင်း ပြန်လည်အစားထိုးတပ်ဆင်ပြီး ရေးမူမပျက်ပြန်လည်ပြင်ဆင်နိုင်ခဲ့ခြင်းဖြစ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးက ဂုတ်ထိပ်တံတားကြီးကို အချိန်တိုအတွင်း အမြန်ပြီးစီးအောင်ကြိုးစားဆောင်ရွက်ခဲ့ကြသည့် တံတားပြန်လည်တည်ဆောက်ရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသော မြန်မာ့မီးရထားမှ အရာထမ်း၊ အမှုထမ်းများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဂုတ်ထိပ်ဘူတာသို့ RGC ရထားဖြင့် ပြန်လည်ရောက်ရှိပြီး သမိုင်းအမွေအနှစ်တံတားကြီးတစ်ခုဖြစ်သည့်အပြင် ပြည်တွင်းပြည်ပမှ ခရီးသွားများ အထူးစိတ်ဝင်စားသည့်နေရာတစ်ခုဖြစ်သည့်အတွက် ဘူတာနှင့် ဘူတာယာဒ်ဝန်းအား အမြဲတမ်းသန့်ရှင်းသာယာလှပအောင်ဆောင်ရွက်ကြရန် မှာကြားသည်။

ယခုအခါ မြန်မာ့မီးရထားမှ အင်ဂျင်နီယာဝန်ထမ်းများက အဆိုပါဂုတ်ထိပ်တံတားကြီး၏ ပျက်စီးသွားသည့် အစိတ်အပိုင်းကို ရှေးမူရင်းလက်ရာ ဒီဇိုင်းပုံစံအတိုင်း ပြန်လည်ပြင်ဆင်ပြုပြင်ပြီးစီးပြီဖြစ်၍ ယခင် ပြင်ဦးလွင်ဘူတာမှ ဂုတ်ထိပ်ဘူတာသို့ ပြေးဆွဲပေးလျက်ရှိသော ရှုခင်းကြည့် RBE ရထားများကိုလည်း မကြာမီ ပြန်လည် ပြေးဆွဲပေးသွားနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---



# ရေးမြို့နယ်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်

ရေး နိုဝင်ဘာ ၁၂

မွန်ပြည်နယ် ရေးမြို့နယ်အတွင်းရှိ မိဘပြည်သူများအနေဖြင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သတိပြုလိုက်နာကြစေရန်နှင့် ပျက်စီးဆုံးရှုံးမှုများ မဖြစ်ပေါ်စေရန် အသိပေးနှိုးဆော်ခြင်းများကို နိုဝင်ဘာ ၁၁ ရက်က မြို့နယ်မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများသည် မြို့ပေါ်ရပ်ကွက်များ၌ လှည့်လည်ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးသန်းဌေးအောင် ဦးဆောင်သော တပ်ဖွဲ့ဝင်များက ရပ်ကွက်အတွင်း မီးလောင်လွယ်စေသော လောင်စာဆီများ သိုလှောင်ခြင်းမပြုကြစေလိုကြောင်း၊ ထင်း/မီးသွေးများသုံးစွဲရာတွင် မီးကြွင်းမီးကျန်များ မကျန်ရှိစေရန်နှင့် အဆိုပါမီးကြွင်းမီးကျန်များမှတစ်ဆင့် မီးကူးစက်၍ မီးလောင်မှုများ ဖြစ်ပွားနိုင်သောကြောင့် ပြည်သူတစ်ဦး/ တစ်ယောက်ချင်းမှစ၍ သတိပြုကြစေလိုကြောင်းနှင့် အရေးပေါ်အခြေအနေဖြစ်ပေါ်ပါက ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို အသိပေးနှိုးဆော်သည်။ အလားတူ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ခြင်းများကို ကျန်ရှိသည့်ရပ်ကွက်များတွင် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ရှင်းသန့်ဖြူ**

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

**လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်**

**ရွေးကောက်ပွဲ ကျင်းပရန် ၄၅ ရက် သာ လိုတော့သည်။**

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးနှီးဆော်မှုများ ရိုက်ကူးရေးတွင် ဂီတအနုပညာရှင်များ ဆက်လက်ပါဝင်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁၂

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကို လာမည့်ဒီဇင်ဘာ ၂၈ ရက်တွင် စတင်ကျင်းပမည်ဖြစ်ရာ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဂီတအနုပညာရှင်များက အသိပညာပေးနှီးဆော်မှုများ ရိုက်ကူးရေးတွင် ဆက်လက်ပါဝင်ဆောင်ရွက်လျက်ရှိကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် တေးသံရှင် ဖြိုးကြီး၊ ဝေကြီး၊ ဝန၊ ဖြိုးပြည့်စုံ၊ သားငယ်၊ သားသား၊ ဖြိုးလေး၊ ပိုပို၊ ချယ်ရီသင်း၊ ထိုက်ထိုက်၊ မိဖူး၊ ထက်အဥ္စလီ၊ Mဆိုင်းလူ၊ Mary နှင့် မေတို့က နိုဝင်ဘာ ၁၀ ရက်နှင့် ယနေ့ နိုဝင်ဘာ ၁၂ ရက်တို့တွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးနှီးဆော်မှုများ ရိုက်ကူးရေးတွင် ပါဝင်ဆောင်ရွက်ကြခြင်းဖြစ်သည်။

ပြည်သူများ လိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲနှင့်သာ ဖော်ဆောင်နိုင်မည်ဖြစ်ရာ ပြည်သူတစ်ရပ်လုံးက ရွေးကောက်ပွဲကြီးတွင် ပါဝင်မဲပေးပြီး ဒီမိုကရေစီနိုင်ငံတော်ကို အတူတကွ ဖော်ဆောင်နိုင်ရန်အတွက် ပြည်သူချစ်သော ဂီတအနုပညာရှင်များကလည်း တစ်ဖက်တစ်လမ်းမှ ပူးပေါင်းပါဝင် ဆောင်ရွက်ကြခြင်းဖြစ်ကြောင်းနှင့် ဆက်လက်ပြီးလည်း ဂီတအနုပညာရှင်များစွာ ရိုက်ကူးရေးတွင် ပါဝင်ဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



## နေပြည်တော်အတွင်း မဲစာရင်းများပြည့်စုံမှန်ကန်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၂

ပြည်ထောင်စု နယ်မြေ နေပြည်တော်အတွင်း မဲစာရင်းများ ပြည့်စုံမှန်ကန်ရေးနှင့် မဲပေးပိုင်ခွင့်ရှိသူများအားလုံး မဲစာရင်းတွင် ပါဝင်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည်။



ဦးစွာ နေပြည်တော် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးတိုးဝင်းက ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် မဲစာရင်းများ မှန်ကန်စေရေး အတွက် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အုပ်ချုပ်ရေးမှူးများ အနေဖြင့် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အခြေခံမဲစာရင်းတွင် ပါဝင်ရမည့် လူဦးရေစာရင်းများ ပြည့်စုံမှန်ကန်စေရေး၊ မြေပြင်နေထိုင်မှု ရှိ/မရှိ စစ်ဆေးခြင်း၊ ဒုတိယအကြိမ် မဲစာရင်းများ မကြေညာမီ ပြည့်စုံမှန်ကန်မှု ရှိစေရေးအတွက် အလေးထား ဆောင်ရွက်ကြရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးများက သက်ဆိုင်ရာမြို့နယ်များအလိုက် မဲစာရင်းများ ပြည့်စုံမှန်ကန်ရေးနှင့် မဲပေးပိုင်ခွင့်ရှိသူများအားလုံး မဲစာရင်းတွင်ပါဝင်နိုင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးတင်ပြကြရာ နေပြည်တော် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးတိုးဝင်းက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မြဝတီမြို့၌ မဲစာရင်းပြည့်စုံမှန်ကန်စေရေး ပြန်လည်စိစစ်စစ်ဆေးခြင်း ဆောင်ရွက်

မြဝတီ နိုဝင်ဘာ ၁၂

အထွေထွေရွေးကောက်ပွဲတွင် မဲစာရင်းပြည့်စုံမှန်ကန်စေရေးအတွက် ပြန်လည်စိစစ် စစ်ဆေးဆောင်ရွက်ခြင်းကို ယမန်နေ့နံနက်ပိုင်းက မြဝတီမြို့ အမှတ်(၃)ရပ်ကွက် ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ ဆောင်ရွက်သည်။

**စိစစ်ဆောင်ရွက်**

ထိုသို့ ဆောင်ရွက်ရာတွင် နိုဝင်ဘာ ၁၀ ရက်မှစတင်၍ မြဝတီမြို့ပေါ် အမှတ် (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ (၆)၊ (၇) ရပ်ကွက်များ၏မဲစာရင်းများ မှန်ကန်စေရေးအတွက် ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ မြို့နယ်ရွေးကောက်ပွဲအရာရှိ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် အဖွဲ့ဝင်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲနှင့်အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များပါဝင်သော စိစစ်ရေးအဖွဲ့များက မဲစာရင်းပြည့်စုံမှန်ကန်စေရေး၊ မဲဆန္ဒရှင်စာရင်းများ ကျန်ရှိမှုမဖြစ်ပေါ်စေရေးအတွက် ပေါင်းစပ်ညှိနှိုင်း၍ စိစစ်ဆောင်ရွက်ခဲ့ကြသည်။

အလားတူ မြဝတီမြို့နယ်အတွင်းရှိ ကျေးရွာများတွင်လည်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **ဆောင်းနှင်းဖြူ(ပြန်/ဆက်)**



## အောင်လံမြို့၌ မဲစာရင်းပြည့်စုံမှန်ကန်ရေးအဖွဲ့စုံဖြင့် စစ်ဆေးဆောင်ရွက်



အောင်လံ နိုဝင်ဘာ ၁၂

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်၌ မဲစာရင်းပြည့်စုံမှန်ကန်စေရေးအတွက် ဒုတိယအကြိမ် ကြေညာမည့် မဲစာရင်းများကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဆောင်ရွက်သည်။

အဆိုပါ ဒုတိယအကြိမ် ကြေညာမည့် မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းနိုင်နှင့်ဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှရွှေနှင့်ဝန်ထမ်းများ၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဇော်ထွန်းနှင့်အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များပါဝင်သော စိစစ်ရေးအဖွဲ့ ၁၀ ဖွဲ့တို့မှ ပြန်လည်စိစစ်စစ်ဆေးခြင်းကို နိုဝင်ဘာ ၉ ရက်မှ ၁၀ ရက်အထိ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မျိုးသိန်း(ပြန်/ဆက်)

**ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲဖြင့်သာ ဖော်ဆောင်နိုင်မည်**

**နိုင်ငံသားအခွင့်အရေး မဆုံးရှုံးစေဖို့ မဲပေးကြပါစို့**

အမျိုးသားအောင်ပွဲနေ့ ဂုဏ်ပြုဆောင်းပါး

# မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန်များ ရှင်သန်ထက်မြက်ခဲ့သည့် အမျိုးသားအောင်ပွဲနေ့

ဇင်မင်းစိုး (ဗိုလ်ကလေး)



၁၉၂၀ ပြည့်နှစ် သပိတ်၏ အသီးအပွင့်အဖြစ် မြန်မာပြည်အရပ်ရပ်တွင် အမျိုးသားကျောင်းများပေါ်ပေါက်ခဲ့ရာ အမျိုးသားကျောင်းများ၏အစ ရန်ကုန်မြို့ရှိမြို့မကျောင်းကို တွေ့ရစဉ်။

တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့သည် အမျိုးသားနေ့ဖြစ်ပါသည်။ တစ်မျိုးသားလုံး၏ အောင်ပွဲဖြစ်ပြီး မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန်များ နိုးကြားခဲ့ရသည့် နေ့ထူးနေ့မြတ်ဖြစ်သည်မို့ "အမျိုးသားအောင်ပွဲနေ့" အဖြစ် ခေါ်တွင်ခဲ့ကြပါသည်။

**သွေးခွဲအုပ်ချုပ်မှုနှင့် ဖိနှိပ်အုပ်ချုပ်မှုမျိုးစုံကို တွေ့ကြုံခံစားလာရ**

မြန်မာနိုင်ငံသည် ကိုလိုနီနယ်ချဲ့စနစ်အောက် ကျရောက်ခဲ့ပြီးသည့်နောက် နယ်ချဲ့အင်္ဂလိပ်တို့၏ သွေးခွဲအုပ်ချုပ်မှုနှင့် ဖိနှိပ်အုပ်ချုပ်မှုမျိုးစုံကို တွေ့ကြုံခံစားလာရပါသည်။ နယ်ချဲ့တို့သည် ၎င်းတို့အလိုကျ အုပ်ချုပ်နိုင်စေရန်နှင့် မြန်မာတိုင်းရင်းသားပြည်သူများ စာတတ်မြောက်မှုမရှိစေရန် စာသင်ကျောင်းများ ဖွင့်လှစ်ပေးခဲ့ခြင်းမရှိပေ။

အဆင့်မြင့်ပညာအဆင့်တွင်လည်း မြန်မာတစ်နိုင်ငံလုံး၌ တက္ကသိုလ်အဆင့်တစ်ကျောင်းမျှ ဖွင့်လှစ်ပေးခဲ့ခြင်းမရှိဘဲ ရန်ကုန်ကောလိပ်နှင့် ဂျပ်ဆင် (ယုဒသန်) ကောလိပ်ဟူ၍သာ နှစ်ကျောင်းတည်းရှိလေသည်။ မြန်မာပြည်သူများ အသိဉာဏ်ပွင့်လင်းမှုမရှိဘဲ ၎င်းတို့စိတ်တိုင်းကျ ခြယ်လှယ်အုပ်ချုပ်နိုင်စေရန်နှင့် ပညာမတတ်သော လူတန်းစားများ ဖြစ်ပေါ်လာစေရန် စနစ်တကျ စီမံအုပ်ချုပ်ခဲ့လေသည်။

> **'နွားကွဲလျှင် ကျားဆွဲမည်' ဟူသောအသိဖြင့် ဘယ်သူခွဲခွဲ တို့မကွဲ အမြဲစည်းလုံးမည် ဟူသော စိတ်ဓာတ်ခွန်အားကို မွေးမြူထားကြရမည်ဖြစ်ပါသည်။ ယနေ့အချိန်အခါတွင် နယ်ချဲ့တို့သည် ရှေးယခင်ကလို တစ်နိုင်ငံနှင့်တစ်နိုင်ငံ တိုက်ခိုက်သိမ်းပိုက်ခြင်း ဦးစွာမပြုတော့ဘဲ ထိုနိုင်ငံ၏ ပညာရေး စီးပွားရေး နိုင်ငံရေးတို့ကို မတည်မငြိမ်ဖြစ်အောင်ပြုလုပ်ပြီး နိုင်ငံတော်ကြီး အစိတ်စိတ်အမြွှာမြွှာကွဲမှ ဝင်ရောက်တိုက်ခိုက်သိမ်းပိုက်သည့် ခေတ်သစ်နယ်ချဲ့စနစ်ကို ကျင့်သုံးလာကြပြီဖြစ်**

ထို့ကြောင့် မြန်မာတိုင်းရင်းသားတို့သည် မိမိတို့ရင်သွေးငယ်များ စာရေးစာဖတ် တတ်မြောက်စေရန် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများသို့ စေလွှတ်၍ သဒ္ဒါသင်္ဂြိုဟ်၊ လောကနီတိများ၊ ပါဠိစာပေများ သင်ယူစေခဲ့ရသည်။ ထိုခေတ်အခါက မြန်မာကလေးငယ်များသည် အင်္ဂလိပ်စာကို သင်ယူခဲ့ရခြင်းမရှိဘဲ ပညာရေးအဆင့်အတန်း နိမ့်ကျခဲ့ရပြီး ခွဲခြားဆက်ဆံခံရသည်။

ထိုအခြင်းအရာကိုမြင်သော ခေတ်ပညာတတ်မျိုးချစ်လူငယ်များက မြန်မာနိုင်ငံအနှံ့ အမျိုးသားကျောင်းများ တည်ထောင်ဖွင့်လှစ် သင်ကြားပေးခဲ့သည်။ မြန်မာစာပေကို အဓိကသင်ကြားပေးပြီး အင်္ဂလိပ်စာကိုလည်း သင်ကြားပေးကြသည်။ မြန်မာကျောင်းသားလူငယ်များ အထက်တန်းအဆင့်ပြီးဆုံးပါက ရန်ကုန်ကောလိပ်တွင်သာ ပညာဆက်လက် သင်ကြားကြရသည်။

နယ်ချဲ့အင်္ဂလိပ်တို့သည် ရန်ကုန်ကောလိပ်နှင့် ဂျပ်ဆင် (ယုဒသန်) ကောလိပ်တို့ကို ယူနီဗာစီတီအဆင့် တိုးမြှင့်ပေးခဲ့ခြင်းမရှိဘဲ အိန္ဒိယနိုင်ငံ ကာလကတ္တားကောလိပ်ကိုသာ ယူနီဗာစီတီအဆင့်သို့ တိုးမြှင့်ပေးခဲ့ပြီး ရန်ကုန်ကောလိပ်နှင့် ဂျပ်ဆင်(ယုဒသန်) ကောလိပ်တို့ကို ကာလကတ္တားတက္ကသိုလ်အောက်တွင်ထားရှိ၍ ကာလကတ္တားတက္ကသိုလ်၏ သင်ရိုးအတိုင်း သင်ကြားစေခဲ့သည်။ ထို့ကြောင့် မျိုးချစ်လူငယ် ခေတ်ပညာတတ်များက မြန်မာနိုင်ငံတွင် ရန်ကုန်ကောလိပ်နှင့် ဂျပ်ဆင်(ယုဒသန်) ကောလိပ်တို့သာရှိ၍ တက္ကသိုလ်အဆင့် တိုးမြှင့်ဖွင့်လှစ်ပေးရန် အင်္ဂလိပ်အစိုးရကို ဝိုင်းဝန်းဆန္ဒပြ တိုက်တွန်းတောင်းဆိုခဲ့သည်။ ထို့ကြောင့် အင်္ဂလိပ်အစိုးရသည် ၁၉၂၀ ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ် ဖွင့်လှစ်ရန် တက္ကသိုလ်အက်ဥပဒေကို ပြဋ္ဌာန်းခဲ့သည်။

ရန်ကုန်တက္ကသိုလ်အက်ဥပဒေတွင် ပါဝင်သောအချက်များမှ မြန်မာနိုင်ငံ၌ တက္ကသိုလ်တစ်ခုတည်းသာရှိရမည်၊ ရန်ကုန်တက္ကသိုလ်အောက်တွင် ကောလိပ်ကျောင်း တစ်ကျောင်းတည်းသာရှိရမည်၊ ရန်ကုန်တက္ကသိုလ် တက်ရောက်ခွင့်ရှိသော ကျောင်းသားကျောင်းသူများသည် ကျောင်းအိပ်ကျောင်းစားနေရမည် စသည့် မလိုလားအပ်သော ကန့်သတ်ချက်များ ပါဝင်လာသည့်အတွက် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၃ ရက်နေ့တွင် ရန်ကုန်ကောလိပ်ကျောင်းသား ၁၁ ဦးတို့က ရွှေတိဂုံစေတီတော် အနောက်တောင်ထောင့်တွင် စုဝေးပြီး ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို သပိတ်မှောက်ရန် သစ္စာအဓိဋ္ဌာန်ပြုခဲ့ကြပါသည်။

ရန်ကုန်ယူနီဗာစီတီအက်ဥပဒေကို သပိတ်မှောက်ရန် သစ္စာအဓိဋ္ဌာန်ပြုကြသော သမိုင်းဝင်ကျောင်းသားကြီး ၁၁ ဦးမှာ (၁) ဘခင် (I.A အထက်တန်း)၊ (၂) ဘိုးကွန်း (B.Sc အထက်တန်း)၊ (၃) ဘဦး (B.A အထက်တန်း)၊ (၄) အောင်ဒင် (I.A အထက်တန်း)၊ (၅) ထွန်းဝင်း (I.A အထက်တန်း)၊ (၆) ဖေသိန်း (I.A အထက်တန်း)၊ (၇) ဘရှင် (သံတွဲ) (B.Sc အထက်တန်း)၊ (၈) ဘရှင် (I.A အထက်တန်း)၊ (၉) ဦးညီပိတ် (B.Sc အထက်တန်း)၊ (၁၀) လှတင် (B.A အထက်တန်း)၊ (၁၁) ဦးအေး (B.A အထက်တန်း) တို့ ဖြစ်ကြပါသည်။

၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၅ ရက်နေ့တွင် တက္ကသိုလ်ကျောင်းသားကြီးများ ဦးဆောင်သော ပထမကျောင်းသားသပိတ်စတင်ခဲ့ရာ မြန်မာနိုင်ငံ အနယ်နယ်အရပ်ရပ်သို့ တစ်ဟုန်ထိုး ပျံ့နှံ့သွားခဲ့တော့သည်။

နောက်ဆုံးတွင် အင်္ဂလိပ်အစိုးရသည် မြန်မာတိုင်းရင်းသားတို့၏ တောင်းဆိုမှုများကို လိုက်လျောခဲ့ရပြီး ရန်ကုန်တက္ကသိုလ်ကို ဖွင့်လှစ်ပေးခဲ့သည်။ ထိုအောင်ပွဲသည် မြန်မာတစ်မျိုးသားလုံး၏ အမျိုးသားအောင်ပွဲပင်ဖြစ်သည်။

**အမျိုးသားနေ့အဖြစ် စတင်သတ်မှတ်**

အမျိုးသားနေ့ သတ်မှတ်ရာတွင် အချို့က သီပေါမင်းပါတော်မူသောနေ့၊ ဦးဥတ္တမ ထောင်ကျသောနေ့များကို အမျိုးသားနေ့အဖြစ် သတ်မှတ်ရန် အကြံပြုကြလေသည်။ နောက်ဆုံးတွင် သပိတ်မှောက်ကောင်စီဝင် ဦးမြင့်က နန်းကျသောနေ့နှင့် ထောင်ကျသောနေ့သည် မင်္ဂလာမရှိ၍ နယ်ချဲ့အင်္ဂလိပ်တို့အား ပထမဆုံး ထိထိရောက်ရောက် သပိတ်မှောက်ခဲ့သော တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ကို အမျိုးသားနေ့အဖြစ် သတ်မှတ်သင့်ကြောင်း အဆိုပြုကြရာ အားလုံးက သဘောတူညီထောက်ခံခဲ့ကြ၍ အမျိုးသားနေ့အဖြစ် စတင်သတ်မှတ်ခဲ့ကြသည်။

ထိုနေ့မှစတင်၍ အမျိုးသားအောင်ပွဲနေ့ကို နှစ်စဉ်ကျင်းပလာရာ ယခုနှစ်ဆိုလျှင် (၁၀၅) နှစ်တိုင်ခဲ့ပြီဖြစ်ပါသည်။ (၁၀၅) နှစ်ပြည့် အမျိုးသားအောင်ပွဲနေ့မှသည် ဘိုးဘွားတို့ပေးခဲ့သော အမျိုးသားရေးစိတ်ဓာတ်အမွေကို နှောင်းလူငယ်တို့ ဆက်လက်ခံယူ၍ စည်းလုံးညီညွတ်စွာဖြင့် နိုင်ငံနှင့်လူမျိုး၏ အနာဂတ်ကို ဖန်တီးတည်ဆောက်ကြရမည်မှာ လူငယ်များ၏တာဝန်ပင် ဖြစ်ပါသည်။

ယနေ့လူငယ်၊ နောင်ဝယ်လူကြီး ဆိုသည့်အတိုင်း မိမိတို့ ဆောင်ရွက်ခဲ့သည့် အရာအားလုံးသည် နောက်လူငယ်များတွင်သာမက မိမိတို့ပါခံစားကြရမည် ဖြစ်ပါသည်။ လူငယ်လူရွယ် မောင်မယ်များကလည်း မိမိတို့ အမျိုးဘာသာ သာသနာ ထွန်းကားပြန့်ပွားတိုးတက်အောင် ကြံဆောင်လုပ်ဆောင်ကြရမည် ဖြစ်ပါသည်။

**"သင်သေသွားသော်**
**သင်ဖွားသောမြေ၊ သင်တို့မြေသည်**
**အခြေတိုးမြင့်၊ ကျန်ကောင်းသင့်၏**
**သင်၏မျိုးသား၊ စာစကားလည်း**
**ကြီးပွားတက်မြင့်၊**
**ကျန်ကောင်းသင့်၏**
**သင်ဦးချ၍ အမျှဝေရာ၊ စေတီသာနှင့်**
**သစ္စာအရောင်၊**
**ဉာဏ်တန်ဆောင်လည်း**
**ပြောင်လျက်ဝင်းလျက်**
**ကျန်စေသတည်း"**

ဟူသည့် ဆရာဇော်ဂျီ၏ နှိုးဆော်ချက်အတိုင်း လူငယ်လူရွယ်များ လိုက်ပါလုပ်ဆောင်ကြရန် လိုအပ်လှပါသည်။

**ခေတ်ဝန်ကိုထမ်း ခေတ်လမ်းကိုလျှောက်လှမ်း**

မိမိနိုင်ငံ၊ မိမိလူမျိုးများ ကမ္ဘာ့အလယ် ဝင့်ထည်နေစေရန် ကြိုးပမ်းတည်ဆောက်ကြရမည်မှာ လူငယ်များ၏တာဝန်ပင် ဖြစ်ပါသည်။ ကျေးဇူးရှင် အမိနိုင်ငံတော်ကြီး၏ အုတ်တစ်ချပ်သဲတစ်ပွင့်ဖြစ်သော လူငယ်လူရွယ် မောင်မယ်များက ခေတ်ဝန်ကိုထမ်း ခေတ်လမ်းကို လျှောက်လှမ်းကာ အတွေးအခေါ် မြင့်မြင့်မားမားဖြင့် အနာဂတ်တိုင်းပြည်ကို ထုဆစ်ပုံဖော်ကြရမည် ဖြစ်ပါသည်။

အမျိုးသားအောင်ပွဲနေ့က ပေးသော သင်ခန်းစာများနှင့် စည်းလုံးညီညာအောင်ကြောင်းဖြာသော စိတ်ဓာတ်တို့ကို အရင်းပြု၍ တိုင်းရင်းသားအားလုံး တစ်စိတ်တစ်ဝမ်းတည်းစိတ်ဖြင့် စုစည်းညီညာကြရမည်ဖြစ်ပါသည်။

**"အမိနိုင်ငံတော်ကို ချစ်မြတ်နိုးပါ"**

**"ဥပဒေကို လေးစားပါ"**

**"ပြည်ထောင်စု ငြိမ်းချမ်းရေးမှသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆီသို့"**

**"နိုင်ငံဘက်စုံဖွံ့ဖြိုးဖို့ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စို့"**

**"အမျိုးသားနေ့ တို့မမေ့"**

**"အမျိုးသားအောင်ပွဲ တို့ဆင်နွှဲ"**

ဟူသော ဆောင်ပုဒ်များအတိုင်း မိမိတို့ ပြုလုပ်ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို မမေ့လျော့စေရန် အစဉ်အမြဲ နှလုံးသွင်းထားကြရမည်ဖြစ်ပါသည်။

**'နွားကွဲလျှင် ကျားဆွဲမည်'** ဟူသော အသိဖြင့် ဘယ်သူခွဲခွဲ တို့မကွဲ အမြဲစည်းလုံးမည်ဟူသော စိတ်ဓာတ်ခွန်အားကို မွေးမြူထားကြရမည်ဖြစ်ပါသည်။ ယနေ့အချိန်အခါတွင် နယ်ချဲ့တို့သည် ရှေးယခင်ကလို တစ်နိုင်ငံနှင့်တစ်နိုင်ငံ တိုက်ခိုက်သိမ်းပိုက်ခြင်း ဦးစွာမပြုတော့ဘဲ ထိုနိုင်ငံ၏ ပညာရေး၊ စီးပွားရေး၊ နိုင်ငံရေးတို့ကို မတည်မငြိမ်ဖြစ်အောင် ပြုလုပ်ပြီး နိုင်ငံတော်ကြီး အစိတ်စိတ်အမြွှာမြွှာကွဲမှ ဝင်ရောက်တိုက်ခိုက်သိမ်းပိုက်သည့် ခေတ်သစ်နယ်ချဲ့စနစ်ကို ကျင့်သုံးလာကြပြီဖြစ်ပါသည်။

စာမျက်နှာ ၇ သို့

## ၂၀၂၅ ခုနှစ်၊ ၁၀၅ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

စည်းလုံးချစ်ကြည်လက်တွဲညီ
ရွှေပြည်သစ်ဆီလှမ်းကြမည်။
၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်
(၁၄-၁၁-၂၀၂၅)

## ၂၀၂၅ ခုနှစ်၊ ၁၀၅ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

★ ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲရေးကို တိုင်းရင်းသားပြည်သူအားလုံးက အမျိုးသားရေးတာဝန်တစ်ရပ်ဖြင့် ထိန်းသိမ်းစောင့်ရှောက်ရေး။
★ အသိပညာအတတ်ပညာပြည့်စုံသော လူ့စွမ်းအားအရင်းအမြစ်များဖြင့် နိုင်ငံတော်ကို တည်ဆောက်ရေး။
★ အမျိုးသားပညာရေးကို မြှင့်တင်ခြင်းဖြင့် နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေး။
★ အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။



## ပေါင်မြို့နယ်၌ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးဟောပြောပွဲ ပြုလုပ်

ပေါင် နိုဝင်ဘာ ၁၂

မွန်ပြည်နယ် ပေါင်မြို့နယ်၌ သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက အထက(ပေါင်)ရွှေရတုခန်းမ၌ ပြုလုပ်သည်။

ဦးစွာ မော်လမြိုင်-သထုံခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဇော်ထူးက သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာများကို ဟောပြောပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်သည့် ပညာပေး video clip ကို ပြသသည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများက သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးနှင့်ပတ်သက်၍ သိလိုသည်များကို မေးမြန်းရာ မော်လမြိုင်-သထုံခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဇော်ထူးက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

မွန်မလေး(ပြန်/ဆက်)

## မန္တလေးမြို့ အမှတ်(၁၈)အခြေခံပညာ အထက်တန်းကျောင်း၏ မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ထူးချွန်ဆုချီးမြှင့်ပွဲ ပြုလုပ်

နေပြည်တော် နိုဝင်ဘာ ၁၂

မန္တလေးမြို့ နန်းမြို့တွင်းရှိ အမှတ်(၁၈) အခြေခံပညာ အထက်တန်းကျောင်း၏ မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ထူးချွန်ဆုချီးမြှင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါကျောင်းခန်းမ၌ ပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် တင်မင်းလတ်နှင့် တာဝန်ရှိသူများ၊ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းသား မိဘများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများက "ဘက်စုံပညာကိုရည် တို့လှမ်းချီ" သီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။ ထို့နောက် တိုင်းမှူးက အမှာစကားပြောကြား




ပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူးရရှိကြသူများ၊ ပညာရည်ချွန်ဆု ရရှိကြသူများနှင့် မြို့နယ်အဆင့် အားကစားပြိုင်ပွဲများနှင့် ကာယ၊ ဉာဏပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြ သူများက ကျောင်းသား ကျောင်းသူများ၏ ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြပြီး တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

❐ စာမျက်နှာ ၆ မှ

ထိုအကြောင်းအရာကို လူငယ်များက သတိရှိစွာဖြင့် စဉ်းစားချင့်ချိန်ကာ မှန်မှန်ကန်ကန် တွေးခေါ်ယူဆ၍ ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ထင်းစည်းကဲ့သို့ စည်းစည်းလုံးလုံးနေကြမှသာ ဥမကွဲသိုက်မပျက် အတူတကွ နေထိုင်နိုင်ကြမည်ဖြစ်ပါသည်။

(၁၀၅) နှစ်ပြည့် အမျိုးသားအောင်ပွဲနေ့တွင် လူငယ်လူရွယ်များ၏ အခန်းကဏ္ဍနှင့် စည်းလုံးညီညွတ်မှု၏ တွန်းအားတို့ကို အလေးပေး ထည့်သွင်းဖော်ပြထားသည်ကို တွေ့မြင်ရပါသည်။ လူငယ်လူရွယ်များ ကျန်းမာကြံ့ခိုင်၍ ဉာဏ်ရည်မြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ပေါ်လာစေရန် ပြုစုပျိုးထောင်အားပေးလျက်ရှိသည်ကို တွေ့မြင်ရပါသည်။

ပညာရေးနှင့် ပတ်သက်၍လည်း မျှော်မှန်းချက်များထားရှိကာ ဦးစားပေး ဆောင်ရွက်လျက်ရှိပါသည်။ ပညာရေး မျှော်မှန်းချက် သုံးရပ်မှာ -

(၁) အသိပညာ၊ အတတ်ပညာ ပြည့်စုံသော ပညာတတ်များ ပေါ်များရေး၊
(၂) အရည်အသွေးရှိသော သင်ကြားသင်ယူမှု မြှင့်တင်ရေး၊
(၃) အသုံးချ သုတေသနနှင့် ဆန်းသစ်တီထွင်မှုအားပေးရေး

တို့ဖြစ်ရာ နိုင်ငံတော်၏ လူငယ်လူရွယ်များအပေါ်ထားရှိသော မေတ္တာစေတနာနှင့် လူငယ်များ၏ တာဝန်ဝတ္တရားများကိုပါ ပူးတွဲတွေ့မြင်ရပါသည်။

> **မိမိနိုင်ငံ၊ မိမိလူမျိုးများ ကမ္ဘာ့အလယ် ဝင့်ထည်နေစေရန် ကြိုးပမ်းတည်ဆောက်ကြရမည်မှာ လူငယ်များ၏တာဝန်ပင် ဖြစ်ပါသည်။ ကျေးဇူးရှင် အမိနိုင်ငံတော်ကြီး၏ အုတ်တစ်ချပ် သဲတစ်ပွင့်ဖြစ်သော လူငယ်လူရွယ် မောင်မယ်များက ခေတ်ဝန်ကိုထမ်း ခေတ်လမ်းကို လျှောက်လှမ်းကာ အတွေးအခေါ် မြင့်မြင့်မားမားဖြင့် အနာဂတ်တိုင်းပြည်ကို ထုဆစ်ပုံဖော်ကြရမည်ဖြစ်ပါသည်။**
>
> **အမျိုးသားအောင်ပွဲနေ့ကပေးသော သင်ခန်းစာများနှင့် စည်းလုံးညီညာ အောင်ကြောင်းဖြာသော စိတ်ဓာတ်တို့ကို အရင်းပြု၍ တိုင်းရင်းသားအားလုံး တစ်စိတ်တစ်ဝမ်းတည်းစိတ်ဖြင့် စုစည်းညီညာကြရမည်**

မိမိနိုင်ငံ၊ မိမိလူမျိုး ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းကြရာတွင် အဓိကကျသော လူငယ်လူရွယ်များက ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂဟူသော ဗလငါးတန် ဖွံ့ဖြိုးတိုးတက်မြင့်မားနေရန် အလွန်အရေးကြီးပါသည်။ ပညာတတ်မှ တွေးခေါ်နိုင်ပြီး အမှား၊ အမှန် စဉ်းစားချင့်ချိန်နိုင်မည်ဖြစ်ပါသည်။ အကျိုးအကြောင်း အဆိုးအကောင်းကို ခွဲခြမ်းစိတ်ဖြာနိုင်ကာ မိမိတို့တာဝန်များကို မလစ်ဟင်းအောင် စီမံဆောင်ရွက်နိုင်ကြမည်ဖြစ်ပါသည်။

မိမိကိုယ်ကိုချစ်လျှင် တိုင်းပြည်ကိုလည်း ချစ်ကြမည်မှာ မလွဲကေန်ဖြစ်ပါသည်။ ဆရာကြီး ဒေါက်တာသန်းထွန်းက သမိုင်းဆိုတာ မအအောင် သင်ကြားပေးခြင်းဖြစ်သည်ဟု ပြောဆိုခဲ့ကြောင်း မှတ်သားခဲ့ရဖူးသည်။ အမျိုးသားအောင်ပွဲနေ့သမိုင်းကိုသိမှ မိမိတို့ ဘာလုပ်ရမည်ဆိုသည့်တာဝန်ကိုသိမြင်လာမည်ဖြစ်ပါသည်။

ဘိုးဘွားတို့ အသက်သွေးချွေးတို့ရင်းပြီး ရရှိခဲ့သည့် အောင်ပွဲများသည် မှတ်ကျောက်တင်နိုင်သည်အထိ ရဲရင့်ခဲ့သည်။ ကျွန်ပညာရေးစနစ်ကို အပြီးတိုင်မြေလှန်ဖျက်သိမ်းခဲ့သော အမျိုးသားအောင်ပွဲနေ့ မှတ်တမ်းများက ဥဒါန်းတွင်ကျန်ရစ်ခဲ့မည့် အမျိုးသားအမွေအနှစ်တစ်ခုလည်း ဖြစ်ပါသည်။

ထို့ကြောင့် ကျွန်ုပ်တို့သည် အမျိုးသားအောင်ပွဲနေ့မှရရှိသော သမိုင်းသင်ခန်းစာများအား လေ့လာမှတ်သားပြီး ဆက်လက်ဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်ရမည်မှာ မလွဲကေန်ဖြစ်ကြောင်း တင်ပြရင်း (၁၀၅) နှစ်ပြည့် အမျိုးသားအောင်ပွဲနေ့ကို ဂုဏ်ပြုရေးသားတင်ပြလိုက်ရပါသည်။ ။

# စစ်တွေမြို့၌ ကျောင်းသား ကျောင်းသူများ ပြည်နယ်ဝန်ကြီးချုပ်ထံမှ ဩဝါဒခံယူ



**စစ်တွေ နိုဝင်ဘာ ၁၂**

၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်နှင့် ပြည်ထောင်စု တိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်တို့၌ ပထမနှစ် သင်တန်း တက်ရောက်မည့် ကျောင်းသား ကျောင်းသူများက ပြည်နယ်ဝန်ကြီးချုပ်ထံမှ ဩဝါဒခံယူခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

**ကြိုးစားသင်ယူကြစေလို**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် တည်ငြိမ်အေးချမ်းရေးသည် များစွာ အရေးကြီးကြောင်း၊ တည်ငြိမ်အေးချမ်းမှုရှိမှသာ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မိမိဘဝ တိုးတက်အောင် ဆောင်ရွက်ရာတွင် မိမိတို့ကိုယ်တိုင် ကြိုးစားမှ အောင်မြင်မှုများ ရရှိမည်ဖြစ်ကြောင်း၊ ပညာရေးသည် ဒေသဖွံ့ဖြိုးရေး၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာ အရေးပါသည့်အတွက် ကြိုးစားသင်ယူကြစေလိုကြောင်း၊ မိမိတို့ပြည်နယ်ဂုဏ်တက်စေရန် ထူးချွန်ထက်မြက်သောသူများဖြစ်အောင် ပညာကိုကြိုးစား သင်ယူကြစေလိုကြောင်း၊ သို့မှသာ နောင်တစ်ချိန်တွင် ပြည်နယ်အတွက်၊ နိုင်ငံအတွက် အားကိုးအားထားပြုရသော ထူးချွန်ထက်မြက်သည့် လူတော်၊ လူကောင်းများဖြစ်လာမည်ဖြစ်ကြောင်းနှင့် သင်တန်းများတွင် သင်ကြားပို့ချမှုများကို စိတ်ဝင်တစားဖြင့် သင်ယူကြပြီး မိမိတို့၏ ဘဝတိုးတက်ရေးအတွက် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ကျောင်းသား ကျောင်းသူများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ အကောင်အထည်ဖော်ဆောင်ရွက်မည့် Student’s Cultural Exchange programme ပိတ်ပွဲအခမ်းအနား ကျင်းပ




**ရန်ကုန် နိုဝင်ဘာ ၁၂**

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်ဖြစ်သော မဲခေါင်-လန်ချန်းအထူးရန်ပုံငွေ (၂၀၂၅)ဖြင့် “Student’s Cultural Exchange Programme” ကို နိုဝင်ဘာ ၉ ရက်မှ ၁၂ ရက်အထိ ရန်ကုန်မြို့ရှိ Summit Parkview Hotel ၌ ကျင်းပခဲ့ပြီး ပိတ်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ကျင်းပသည်။

**ပြောကြား**

အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးတွင် ယဉ်ကျေးမှုနှင့် ပညာရေးကဏ္ဍဖလှယ်ခြင်းသည် အရေးပါသည့် ကဏ္ဍများထဲက တစ်ခုဖြစ်ကြောင်း၊ နိုင်ငံများအကြား အပြန်အလှန်လေးစားမှု၊ ယုံကြည်မှု၊ တန်းတူရည်တူရှိမှု၊ တစ်ဦးပေါ်တစ်ဦး အပြန်အလှန် နားလည်ပေးနိုင်မှုတို့အပေါ် အခြေခံထားသော နွေးထွေးသော ချစ်ကြည်ရင်းနှီးမှုကို ထိန်းသိမ်းရင်း လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်သွားနိုင်မည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ဆရာနှင့် ကျောင်းသားကိုယ်စားလှယ်များအား အမှတ်တရလက်ဆောင်များ ပေးအပ်ကာ ကျောင်းသားကိုယ်စားလှယ်တစ်ဦးစီက ကျေးဇူးတင်စကား ပြောကြားပြီး ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးနှင့် ပညာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံမှ ကိုယ်စားလှယ်များ၊ ကျောင်းသား ကျောင်းသူများ၊ အခြေခံပညာဦးစီးဌာနမှ ပညာရေးမှူးများနှင့် ကျောင်းအုပ်ကြီးများ တက်ရောက်ကြသည်။

ယနေ့နံနက်ပိုင်းတွင် Student’s Cultural Exchange program တွင် ပါဝင်သော ဆရာ၊ ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများသည် ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ အမျိုးသားပြတိုက်နှင့် ဝန်ကြီးများရုံးသို့ လေ့လာခဲ့ကြပြီး ယဉ်ကျေးမှုဖလှယ်ခြင်းတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် ဆောင်ရွက်သင့်သောလုပ်ငန်းများ၊ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းများကို နိုင်ငံအလိုက် ဆွေးနွေးကြသည်။

**အနှစ်ချုပ်ဆွေးနွေး**

နိုဝင်ဘာ ၁၀ ရက်တွင် အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က ကျောင်းသား ကျောင်းသူများ ယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြန်မာကျောင်းသားကိုယ်စားလှယ်က မြန်မာကျောင်းများ၏ အလေ့အထ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းစဉ်လာဆိုင်ရာများ၊ တရုတ်နိုင်ငံ ကျောင်းသားကိုယ်စားလှယ်က Chongqing Education System အလေ့အထဆိုင်ရာများနှင့် ထိုင်းနိုင်ငံ ကျောင်းသားကိုယ်စားလှယ်က ပညာရေး၊ ရိုးရာယဉ်ကျေးမှုအနုပညာဆိုင်ရာများကို တင်ပြဆွေးနွေးကြပြီး တာဝန်ရှိသူများက အနှစ်ချုပ်ဆွေးနွေးကြသည်။

နိုဝင်ဘာ ၁၁ ရက်တွင် Student’s Cultural Exchange program တွင် ပါဝင်သော ဆရာ၊ ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများသည် ရန်ကုန်ပညာရေး တက္ကသိုလ်လေ့ကျင့်ရေး အထက်တန်းကျောင်းနှင့် ရွှေတိဂုံစေတီတော်သို့ လေ့လာရေးခရီး သွားရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တံတားဦးမြို့နယ်၌ KG တန်း ကျောင်းသား ကျောင်းသူများအား နေ့လယ်စာအာဟာရကျွေးမွေး



**တံတားဦး နိုဝင်ဘာ ၁၂**

မန္တလေးတိုင်း ဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ်အတွင်းမှ အခြေခံပညာကျောင်းပေါင်း ၁၂၁ ကျောင်းတွင် ပညာသင်ယူနေသော KG တန်း ကျောင်းသား ကျောင်းသူ ၂၁၀၁ ဦးအား မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းပြီး စတုတ္ထအကြိမ် နေ့လယ်စာ အာဟာရကျွေးမွေးမှုကို ယနေ့နံနက်ပိုင်းက တံတားဦးမြို့ တောင်ဘီလူအခြေခံပညာ အထက်တန်းကျောင်းနှင့် ဆင်ကျုံးအခြေခံပညာ မူလတန်းလွန်ကျောင်းတို့တွင် ဆောင်ရွက်ကြသည်။

အဆိုပါကျောင်းတွင်း အာဟာရကျွေးမွေးရာသို့ တံတားဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ချမ်းငြိမ်းနှင့်အဖွဲ့ဝင်များ၊ တက်ရောက်လာကြသူများနှင့် ဆင်ကျုံးအခြေခံပညာ မူလတန်းလွန်ကျောင်းမှ တာဝန်ခံ ကျောင်းအုပ်ဆရာမကြီးနှင့် ဝန်ထမ်းများက KG တန်းမှ ကျောင်းသား ကျောင်းသူများအား အာဟာရကျွေးမွေးကြသည်။

ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့သည် အာဟာရကျွေးမွေးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကာ KG တန်းမှ ကလေးငယ်များအား သွားတိုက်ဆေး၊ သွားတိုက်တံများကို အခမဲ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပေါက်ခေါင်းမြို့နယ်၌ သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြော

**ပေါက်ခေါင်း နိုဝင်ဘာ ၁၂**

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်တွင် သစ်တောဦးစီးဌာန ပြည်ခရိုင်မှ သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့ လျှော့ချရေးဆိုင်ရာ ခရိုင်အဆင့် အသိပညာပေး ဟောပြောပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပေါက်ခေါင်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။



အခမ်းအနားတွင် အထက (ပေါက်ခေါင်း) ကျောင်းအုပ်ဆရာကြီး ဦးညွန့်ဝင်းက အမှာစကားပြောကြားပြီး သစ်တောဦးစီးဌာန ပြည်ခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်စိုးက သစ်တော ထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့ လျှော့ချရေးဆိုင်ရာ အကြောင်းအရာများကို လည်းကောင်း၊ ပြည်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးသန်းဇော်ထွေးက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အကြောင်းအရာများကိုလည်းကောင်း အသိပညာပေး ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။


**ဖုန်းကျော်ဇင်(ပြန်/ဆက်)**

# နိုင်ငံအတွက်၊ မြို့နယ်အတွက်၊ ရပ်ကွက်၊ ကျေးရွာပါမကျန် အားလုံးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနိုင်မယ့် သူမျိုးကို ရွေးချယ်မဲပေးသွားမှာ ဖြစ်ပါတယ်

ဦးသက်တင်ဦး (မြဝတီမြို့)

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို လာမည့် ဒီဇင်ဘာ ၂၈ ရက်တွင် စတင်ကျင်းပတော့မည်ဖြစ်သည်။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရန် ရက်ပေါင်း ၄၅ ရက်သာလိုတော့သည်။ ရွေးကောက်ပွဲအပိုင်း(၂)ကိုလည်း ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် ကျင်းပသွားမည်ဖြစ်သည်။ ထို့အတူ ရွေးကောက်ပွဲအပိုင်း(၃)ကိုလည်း ရွေးကောက်ပွဲအပိုင်း(၂) ကျင်းပပြီး နှစ်ပတ်ခြား အကြာတွင် ကျင်းပသွားမည်ဖြစ်သည်။ ထိုသို့ မကြာမီ ကျင်းပတော့မည့် ရွေးကောက်ပွဲနှင့်အတူ ပြည်သူများအနေဖြင့် ဖြစ်လိုသည့် ဆန္ဒကို ထပ်တူ သို့မဟုတ် အနီးစပ်ဆုံးဖြည့်ဆည်းပေးနိုင်မည့်၊ နိုင်ငံတော်၏ အကျိုးစီးပွား၊ ပြည်သူလူထု၏ အကျိုးစီးပွားကို ကိုယ်စားပြုဖော်ဆောင်ပေးနိုင်မည့်သူများကို ကိုယ်တိုင်ရွေးချယ်ခွင့်ရရှိတော့မည် ဖြစ်ပါသည်။ ထိုသို့ ပြည်သူများ၏ ဆန္ဒနှင့်အညီ ကျင်းပတော့မည့်ရွေးကောက်ပွဲအပေါ် မြဝတီဒေသခံပြည်သူများ၏ မျှော်လင့်ချက်စကားသံများကို မေးမြန်းဖော်ပြအပ်ပါသည်။


ဦးဇော်ဝင်းလှိုင်


ဦးရဲညွန့်


ဦးသက်တင်ဦး


ဦးရဲသွေး


ဒေါ်နန်းသူဇာ

**ဦးဇော်ဝင်းလှိုင် (မြဝတီမြို့)**

မကြာခင်မှာ ကျင်းပတော့မယ့် အထွေထွေရွေးကောက်ပွဲကြီးမှာ မဲပေးနိုင်ဖို့အတွက် ရပ်/ကျေးကော်မရှင်ရုံးမှာ မဲစာရင်း ပါ၊ မပါ သွားကြည့်ခဲ့ပြီးပါပြီ။ မြဝတီမြို့ အမှတ်(၁)ရပ်ကွက် မဲဆန္ဒနယ်(၁)မှာ မဲပေးရတော့မှာဖြစ်တဲ့အတွက် ဝမ်းသာပါတယ်။ ဘာကြောင့်လို့လဲဆိုတော့ မဲပေးပြီးသွားရင် တက်လာမယ့်အစိုးရရဲ့ ဦးဆောင်မှုနဲ့ ကျွန်တော်တို့နိုင်ငံ အေးအေးချမ်းချမ်း ဖြစ်သွားမယ်၊ စီးပွားရေးတွေလည်း ဖြောင့်ဖြောင့်ဖြူးဖြူးနဲ့ လုပ်ကိုင်နိုင်ကြမယ်။ အခြေခံလူတန်းစားတွေအနေနဲ့ အဆင်ပြေနိုင်မယ့် အနေအထားတွေ တွေ့ရပါတယ်။

ရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပပြီးစီးသွားတဲ့အချိန်မှာ ကျွန်တော် မြင်မိတာကတော့ လမ်းပန်း ဆက်သွယ်ရေးတွေ ပိုကောင်းမွန်လာမယ်၊ စီးပွားရေးလုပ်ငန်းတွေလည်း ကောင်းကောင်းမွန်မွန်နဲ့ လုပ်ဆောင်နိုင်မှာဖြစ်တဲ့အပြင် အခြေခံလူတန်းစားတွေအတွက် ကုန်ဈေးနှုန်းတွေ ကျဆင်းလာနိုင်တယ်။ ဒါတွေက ဝမ်းသာရမှာ ဖြစ်ပါတယ်။

အခုကျင်းပမယ့် ရွေးကောက်ပွဲမှာ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)စက်နဲ့ မဲပေးရမှာဖြစ်တဲ့အတွက် တိကျမှန်ကန်မှု အများကြီးရှိမယ်လို့ ယုံကြည်ပါတယ်။ မဲသွားရောက်ပေးနိုင်ဖို့အတွက် နိုင်ငံသားစိစစ်ရေးကတ်နဲ့ ကိုယ်ရေးရာဇဝင် အချက်အလက်တွေကို စုဆောင်းထားပါတယ်။ ပြည်သူတွေအနေနဲ့ မဲပေးကြရမယ်။ ရွေးကောက်ပွဲကြီး အောင်မြင်သွားလို့ရှိရင် ဆင်းရဲသား လူတန်းစားတွေ တိုးတက်လာမယ်၊ စီးပွားရေးလုပ်ငန်းတွေ အဆင်ပြေလာမယ်၊ ကုန်ဈေးနှုန်း ကျဆင်းလာမယ်လို့ ပြောချင်ပါတယ်။ မဲပေးတဲ့အခါမှာလည်း ကိုယ်ပေးချင်တဲ့ပါတီကို တိတိကျကျလေး ရွေးချယ်ပြီး မဲပေးဖို့ တိုက်တွန်းချင်ပါတယ်။

**ဦးရဲညွန့် (မြဝတီမြို့)**

လာမယ့် ဒီဇင်ဘာ ၂၈ ရက်နေ့မှာ ဆန္ဒမဲပေးကြမယ်။ ကျွန်တော်တို့လို ငွေကြေးအားနည်းတဲ့ ဆင်းရဲသား တွေကတော့ ရွေးကောက်ပွဲအတွက် မဲတွေ ထည့်ချင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ လမ်းပန်းဆက်သွယ်ရေးကအစ၊ ရပ်ရွာကအစ အေးချမ်းလာမယ်လို့ မျှော်လင့်တယ်၊ ယူဆတယ်။ အခုလာမယ့် ရွေးကောက်ပွဲမှာ မြဝတီမြို့ မဲဆန္ဒနယ် အမှတ်(၁)မှာ သွားရောက်ပြီးတော့ မဲပေးရမှာဖြစ်ပါတယ်။ ရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပပြီးစီးတဲ့နောက်ပိုင်းမှာ ရပ်ရွာအေးချမ်းမယ်၊ လမ်းပန်းဆက်သွယ်ရေးတွေဖြောင့်ဖြူးလာမယ်၊ သွားလာနေထိုင်မှုနဲ့ လုပ်ကိုင်စားသောက်မှုတွေအတွက် ကောင်းတဲ့ပြောင်းလဲမှုတွေဖြစ်လာမယ်လို့ ထင်မြင်မိပါတယ်။ ဒါကြောင့် ရွေးကောက်ပွဲမှာ ဒေသခံပြည်သူတွေ လာရောက်ပြီးတော့ မဲလာထည့်ဖို့အတွက် နှိုးဆော်ပေးမယ်၊ ဝိုင်းဝန်းကူညီဆောင်ရွက်သွားမယ်။

အခုလို ရွေးကောက်ပွဲကို ကျင်းပပေးတဲ့အတွက် ဝမ်းသာပါတယ်။ အရင်ရွေးကောက်ပွဲတွေမှာတော့ ကိုယ်ပေးချင်တဲ့ ပါတီကို အမှန်ခြစ်ပြီး ရွေးချယ်ရတာဖြစ်ပါတယ်။ အခုကတော့ စက်ကိရိယာနဲ့ မဲပေးရမှာ ဖြစ်တဲ့အတွက် ကိုယ်ရဲ့အမည် ပါတယ်ဆိုရင် အမည်နံပါတ်နဲ့ မှတ်ပုံတင်ပြလိုက်ရင် တာဝန်ကျတဲ့အဖွဲ့တွေက စိစစ်ပြီး မဲရုံထဲကို ဝင်မယ်၊ စက်မီးဖွင့်တဲ့အခါမှာ ကြိုက်နှစ်သက်ရာကိုရွေးချယ်ပြီး ခလုတ်နှိပ် မဲထည့်ရမှာဖြစ်တယ်လို့ သိထားပါတယ်။

ဘယ်ပါတီကိုတော့ ပေးပါလို့တော့မပြောလိုပါဘူး။ ကိုယ်ကြိုက်နှစ်သက်ရာ ကိုယ့်မှာ လုပ်ပိုင်ခွင့်ရှိပါတယ်။ ကိုယ်ကြိုက်နှစ်သက်ရာ ပေးပိုင်ခွင့်ရှိပါတယ်။ သူ့ဘာသာသူ လိုလားတဲ့သူကို ထည့်ကြရမှာပါ။ မကြာခင်မှာ ကျင်းပတော့မယ့် အထွေထွေ ရွေးကောက်ပွဲကြီး အတွက် ကြိုးစားပေးတဲ့ နိုင်ငံတော်အကြီးအကဲတွေကိုလည်း ကျေးဇူးအများကြီးတင်ပါတယ်။ ကျွန်တော်တို့ နိုင်ငံတော်ကြီးက ဒီထက်မက တိုးတက်မယ်လို့လည်း ယူဆပါတယ်။

**ဦးသက်တင်ဦး (မြဝတီမြို့)**

အခုလာမယ့် ရွေးကောက်ပွဲမှာ မဲပေးတဲ့အခါမှာ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) စက်နဲ့ မဲပေးရွေးချယ်ရမှာ ဖြစ်တဲ့အတွက် ပိုပြီးတော့ အဆင်ပြေပါတယ်။ ကျွန်တော်တို့ မဲပေးရွေးချယ်မယ့် လူမျိုးကတော့ နိုင်ငံအတွက်၊ မြို့နယ်အတွက်၊ ရပ်ကွက်၊ ကျေးရွာပါမကျန် အားလုံး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနိုင်မယ့်သူမျိုးကို ရွေးချယ်မဲပေးသွားမှာ ဖြစ်ပါတယ်။ ဆန္ဒမဲလာရောက်ပေးဖို့အတွက် ပြည်သူလူထု တစ်ရပ်လုံး၊ ညီအစ်ကို မောင်နှမ အပါအဝင် သူငယ်ချင်း အပေါင်းအသင်းတွေ ပါမကျန် မဲပေးဖို့ တိုက်တွန်းထားပါတယ်။

နိုင်ငံတော်က ကျင်းပပေးမယ့် အထွေထွေ ရွေးကောက်ပွဲ အောင်မြင်သွားမယ် ဆိုရင် တိုင်းပြည်လည်း တိုးတက်လာမယ်၊ လူနေမှုအဆင့်အတန်းတွေလည်း မြင့်မားလာမယ်လို့ ယုံကြည်ပါတယ်။ ဒါကြောင့် ပြည်သူတွေက သေချာဆန်းစစ်ပြီး ရည်မှန်းရွေးချယ်ပြီးတော့ မဲပေးရမှာဖြစ်ပါတယ်။ မဲတစ်ပြားကလည်း ကျွန်တော်တို့အတွက် အများကြီး တန်ဖိုးရှိပါတယ်။

**ဦးရဲသွေး (မြဝတီမြို့)**

မကြာခင် ကျင်းပတော့မယ့် ရွေးကောက်ပွဲမှာ ကျွန်တော် မဲပေးရွေးချယ်မယ့် လူမျိုးကတော့ နိုင်ငံအတွက် အားကိုးအားထားထိုက်တဲ့သူတစ်ယောက် ဖြစ်စေချင်တယ်။ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲမှာ အားလုံး ပူးပေါင်းဆောင်ရွက်ပေးကြပါလို့ နှိုးဆော်တိုက်တွန်းစကားဆိုချင်ပါတယ်။ အခုလိုမျိုး ရွေးကောက်ပွဲ ကျင်းပပေးတဲ့အတွက် ဝမ်းမြောက်မိတယ်။ ကိုယ်ရွေးချယ်မယ့် လူပုဂ္ဂိုလ်ကို အများကြီး အားကိုးအားထားပါတယ်။ ရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပပြီးစီးတဲ့နောက်ပိုင်းမှာ တိုင်းပြည်အေးချမ်းစေချင်တယ်၊ အလုပ်အကိုင်တွေ အားလုံးအဆင်ပြေချောမွေ့စေချင်တယ်၊ ကိုယ်ရွေးချယ်လိုက်တဲ့ လူတွေလည်း ဖြစ်ပါစေလို့ ဆုတောင်းပါတယ်။

**ဒေါ်နန်းသူဇာ (မြဝတီမြို့)**

အခုလာမယ့် ရွေးကောက်ပွဲကနေ ကျွန်မတို့ သဘောကျတဲ့ အစိုးရတစ်ရပ် တက်လာဖို့အတွက် အလွန်မျှော်လင့်ပါတယ်။ ကျွန်မတို့ နှစ်သက်တဲ့ပါတီကို မဲပေးခွင့်ရမှာ ဖြစ်တဲ့အတွက် ပျော်ပါတယ်။ ကိုယ့်နိုင်ငံတော် ကောင်းဖို့အတွက် ရပ်တည်ပေးမယ့် နိုင်ငံ့ခေါင်းဆောင်ကောင်း တစ်ယောက် ဖြစ်လာဖို့ကိုလည်း မျှော်လင့်ပါတယ်။ ကျွန်မတို့ မြန်မာနိုင်ငံအတွက် အခွင့်အလမ်းတွေလည်း အများကြီးရရှိလာမှာ ဖြစ်ပါတယ်။ ကျွန်မတို့ မျှော်လင့်တဲ့အရာတွေ၊ လုပ်ငန်းခွင်တွေ အဆင်ပြေဖို့အတွက် ပြည်သူလူထုတွေရဲ့ အခက်အခဲတွေထဲကနေ လွတ်မြောက်ဖို့အတွက် အများကြီးမျှော်လင့်တယ်။ ကျွန်မတို့ မြန်မာနိုင်ငံတော် အစိုးရကြီးတစ်ရပ်၊ ပြည်သူလူထုအတွက် အကောင်းဆုံး ဖြစ်လာမယ့် နိုင်ငံတော် အစိုးရသစ်တစ်ရပ်ကိုတော့ လိုချင်ပါတယ်။ ဒါအမှန်ဆုံးပဲ ပြောတာပါ။

**အောင်ဂျိုး**

**ဓာတ်ပုံ-မင်းမင်း**

## သံတောင်ကြီးမြို့နယ်၌ မဲစာရင်းများ ဒုတိယအကြိမ်ပြန်လည်စစ်ဆေး

**သံတောင်ကြီး နိုဝင်ဘာ ၁၂**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်၌ မဲစာရင်းမှန်ကန်စေရေးအတွက် ဒုတိယအကြိမ် ပြန်လည် စိစစ်စစ်ဆေးဆောင်ရွက်ခြင်းကို နိုဝင်ဘာ ၁၁ ရက် နံနက်ပိုင်းက မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။



ထိုသို့ မဲဆန္ဒရှင်စာရင်းများ ပြန်လည်စိစစ်ရာတွင် သံတောင်ကြီးမြို့ပေါ်ရှိ အမှတ်(၄/၅) ရပ်ကွက်များ၊ လိပ်သိုမြို့ရပ်ကွက်(၁)၏ မဲစာရင်းများမှန်ကန်စေရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဦးစီးဌာန၊ သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲနှင့်အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များက စိစစ်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မဲစာရင်းများပြည့်စုံမှန်ကန်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**ရန်ကုန် နိုဝင်ဘာ ၁၂**



မဲစာရင်းများ ပြည့်စုံမှန်ကန်ရေးနှင့် မဲပေးပိုင်ခွင့်ရှိသူအားလုံး မဲစာရင်းတွင် ပါဝင်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက်ပိုင်းက လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အဆိုပါ အစည်းအဝေးသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းလင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်လဝကဝန်ထမ်းမျာ၊ ရွေးကော်ဝန်ထမ်းများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများနှင့် ရပ်/ကျေးစာရေးများ တက်ရောက်ကြသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းက ရွေးကောက်ပွဲဆိုင်ရာ လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် တာဝန်ရှိသူများက ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရေဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဆီထွက်သီးနှံ မြေပဲ၊ နေကြာ၊ ပဲပုပ် မျိုးစေ့ပေးအပ်ပွဲနှင့် မိုးစပါးစံပြကွက်ရိတ်သိမ်းပွဲသို့ တက်ရောက်



ရေကြည် နိုဝင်ဘာ ၁၂

ရေဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာ ၁၂ ရက် နံနက် ၉ နာရီက ရေကြည်မြို့နယ် စိမ်းလဲ့ရေကြည်ခန်းမ၌ ပြုလုပ်သည့် ၂၀၂၅-၂၀၂၆ ခုနှစ် ဆီထွက်သီးနှံ မြေပဲ၊ နေကြာ၊ ပဲပုပ် မျိုးစေ့များ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

**မျိုးစေ့များ ပေးအပ်**

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်း ဆီဖူလုံမှုမရှိသေးသဖြင့် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးရန်နှင့် ပန်းတိုင်အထွက်နှုန်းများရရှိအောင် ကြိုးပမ်းဆောင်ရွက်ကြရန်၊ စိုက်ပျိုးမြေဧရိယာများတွင် တစ်သီးစိုက်၊ နှစ်သီးစိုက်၊ သီးညှပ်စိုက်ခြင်းအားဖြင့် သီးနှံပေါ်ကြွယ်ဝခြင်း၊ ဝင်ငွေတိုးတက်စေခြင်းများ ခံစားရမည်ဖြစ်ကြောင်း ပြောကြားပြီး ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများက မြေပဲစိုက်တောင်သူ၊ နေကြာစိုက်တောင်သူနှင့် ပဲပုပ်စိုက်တောင်သူများအား ဆီထွက်သီးနှံ မြေပဲ၊ နေကြာ၊ ပဲပုပ် မျိုးစေ့များ ပေးအပ်ခဲ့သည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများသည် ကြာကန်ကျေးရွာအုပ်စု ဇရပ်ဝိုင်းကျေးရွာရှိ တောင်သူ ဦးခင်မောင်ထွန်း၏ မှော်ဘီ(၃) စပါးစိုက်ဧက ၁၀ ဧက၊ မိုးစပါးစံပြကွက် ရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးကာ တာဝန်ရှိသူများက တောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားပြောကြားသည်။ အဆိုပါ မိုးစပါးစံကွက် ရိတ်သိမ်းရာတွင် မိုးစပါးမှော်ဘီ(၃) အစိုထွက် ၁၅၅ တင်းနှင့် အခြောက်ထွက် ၁၄၆ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# စပါးပန်းတိုင်အထွက်နှုန်း ကွာဟချက်အပေါ် လေ့လာဆန်းစစ်သည့် (OTO)သင်တန်း စိုက်ပျိုးရေးပညာရှင် ၆၀ အား ပို့ချ



ရန်ကုန် နိုဝင်ဘာ ၁၂

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တိုင်း/ခရိုင်နှင့် မြို့နယ်များမှ စိုက်ပျိုးရေးပညာရှင် ၆၀ အား စပါးပန်းတိုင်ထွက်နှုန်း ရရှိရေးအတွက် ထွက်နှုန်းကွာဟချက်အပေါ် လေ့လာဆန်းစစ်သည့် (OTO)သင်တန်းကို ယနေ့နံနက်ပိုင်းက ပို့ချသည်။

အဆိုပါသင်တန်းတွင် ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးတင့်နိုင်က ဆန်စပါးစိုက်ပျိုးမှုတွင် ပန်းတိုင်ထွက်နှုန်းရရှိစေရန် တောင်သူလယ်သမားများနှင့် ပုံမှန်ထိတွေ့ပြီး စပါးအမြင့်ဆုံးထွက်သည့် တောင်သူနှင့် အနိမ့်ဆုံးထွက်ရှိသည့် တောင်သူတို့အား စစ်တမ်းကောက်ယူကာ ထွက်နှုန်းကွာဟလျော့နည်းရမှုအပေါ် ဆန်းစစ်ခြင်း၊ အထွက်နှုန်းကွာဟမှု ဖြစ်ပေါ်ပါက စိုက်ပျိုးမြေ၊ မျိုးစပါး၊ ပိုး၊ ရေနှင့် နည်းပညာပိုင်းဆိုင်ရာတို့ကို ပြန်လည်လေ့လာ ဆန်းစစ်ပြီး စပါးပန်းတိုင်အထွက်နှုန်းရရှိရေးကို ဦးတည်ဆောင်ရွက်ကြရန်နှင့် ပန်းတိုင် ၁၃ မျိုးနှင့် အခြားအရေးကြီးသော စိုက်ပျိုးသီးနှံများကိုလည်း အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားသည်။

စပါး ပန်းတိုင်ထွက်နှုန်းရရှိရေး အထွက်နှုန်း ကွာဟချက်အပေါ် လေ့လာဆန်းစစ်သည့် (OTO) သင်တန်းတွင် ရန်ကုန်တိုင်းဒေသကြီး သီးနှံကာကွယ်ရေးရုံးချုပ်မှ ဒုတိယ ညွှန်ကြားရေးမှူး ဒေါက်တာစန်းစန်းဝင်း၊ တိုင်းဒေသကြီး စီမံကိန်းဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်မာချိုနှင့် သန်လျင်ခရိုင်ဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်နိုင်တို့က တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်၍ ပန်းတိုင်ထွက်နှုန်းရရှိရန် အထွက်နှုန်းကွာဟချက်အပေါ် လေ့လာဆန်းစစ်ခြင်း လုပ်ငန်းစဉ်များ၊ သုတေသနစစ်တမ်း မေးခွန်းလွှာများ ပြင်ဆင်ခြင်း၊ အချက်အလက်များ စာရင်းသွင်းခြင်းနှင့် စစ်ဆေးခြင်း၊ စပါးထွက်နှုန်းကွာဟမှုကို ခွဲခြမ်းစိတ်ဖြာရန် လိုအပ်သောအခြေအနေများနှင့် ပတ်သက်၍ တစ်ရက်တာသင်တန်း ပို့ချခဲ့ကြောင်း သိရသည်။ ဥသဓာတ်ပုံ – ကိုလွင်

# ဇလွန်မြို့နယ်၌ သမဝါယမအသင်းသားများအား လုပ်ငန်း မတည်ရင်းနှီးချေးငွေ ပေးအပ်

ဇလွန် နိုဝင်ဘာ ၁၂

ရေဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် ကော့ကပ်တိုက်နယ်အတွင်းရှိ လက်မှုပညာလုပ်ငန်းဖြစ်သော သင်ဖြူးဖျာရက်လုပ်ငန်း ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိသည့် ဝင်းရောသင်ဖြူးဖျာ ရောင်းဝယ်ရေး သမဝါယမအသင်းသားများအား လုပ်ငန်းမတည်ရင်းနှီးချေးငွေ ပေးအပ်ပွဲကို ယမန်နေ့ နံနက်ပိုင်းတွင် ကော့ကပ်ကလေးကျေးရွာ အောင်သိဒ္ဓိဘုရားတန်ဆောင်း၌ ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ယဉ်စိုးအေး၊ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌတို့က လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်သမဝါယမအသင်းစု ဥက္ကဋ္ဌ ဦးစောဝင်းက အသင်းသား ၅၉ ဦးတို့အတွက် လိုအပ်သော လုပ်ငန်းမတည်ရင်းနှီးငွေကျပ် ၁၇၇ သိန်းကို ပေးအပ်ခဲ့ရာ အသင်းသားများကိုယ်စား အသင်းဥက္ကဋ္ဌ ဒေါ်စမ်းသက်မာက လက်ခံရယူခဲ့ကြောင်း သိရသည်။

ဇလွန်(ပြန်/ဆက်)



# ရွှေပြည်သာမြို့နယ်၌ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ အသိပညာပေးဟောပြော

ရွှေပြည်သာ နိုဝင်ဘာ ၁၂

ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက် ၁၀ နာရီက ရွှေပြည်သာမြို့နယ် အမှတ် (၁၃) အခြေခံပညာ အလယ်တန်းကျောင်း၌ အသိပညာပေး ဟောပြောသည်။



ဟောပြောပွဲတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန အင်းစိန်ခရိုင်ရုံးမှ ဦးစီးအရာရှိ ဦးသိန်းအေးထွန်းက ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ဆိုင်ရာ သိကောင်းစရာများနှင့် ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန် အချက်များနှင့် တိုင်းဒေသကြီး(ရုံးခွဲ) ရွာသာကြီးမှ စစ်ဆေးရေးမှူး(၃) ဦးကျော်ထင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ထုတ်ပြန်ထားသော စည်းကမ်းချက်များနှင့် သတိပြုလိုက်နာရမည့် မီးပွိုင့်များအကြောင်း၊ Road Sign များအကြောင်းကို အသိပညာပေး ရှင်းလင်းဟောပြောသည်။

ထို့နောက် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးကြပြီး တက်ရောက်လာသူများက ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေး အသိပညာပေး နံရံကပ်စာစောင်များကို ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

နေမျိုးထွန်း(ရွှေပြည်သာ)

# ကြံခင်းမြို့၌ တောင်သူများအား နေကြာမျိုးစေ့ ပေးအပ်

ကြံခင်း နိုဝင်ဘာ ၁၂

ရေဝတီ တိုင်းဒေသကြီး ကြံခင်းမြို့၌ ယနေ့နံနက်ပိုင်းက မြို့နယ် စိုက်တိုးမြှင့်အဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ရွာသစ်ရပ်ကွက် တောင်သူ ဦးအောင်သူ၏ ကိုင်းမြေ(မြေနုကျွန်း)တွင် နေကြာမျိုးစေ့များ ပေးအပ်ခြင်းနှင့် စုပေါင်းစိုက်ပျိုးပွဲကို ကျင်းပသည်။

**ကြည့်ရှုအားပေး**

ဦးစွာ မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဥက္ကဋ္ဌ ဦးဝင်းလှိုင်နှင့် မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်တို့က ရွာသစ်ရပ်ကွက်ရှိ နေကြာစိုက်တောင်သူများအား နေကြာမျိုးစေ့များ ပေးအပ်ပြီး တောင်သူ ဦးအောင်သူ၏ မြေနုကျွန်းကိုင်းမြေ တစ်ဧကတွင် Supersun 41 နေကြာမျိုးစေ့များကို စိုက်ပျိုးပေးကြကာ တောင်သူများ နေကြာ စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။



ကြံခင်း မြို့နယ်အတွင်း ဆောင်းသီးနှံ (ဆီထွက်သီးနှံ) ၈၀၉၁ ဧကတွင် နေကြာ Supersun 41 နှင့် ဆင်းရွှေကြာ နှစ်မျိုးလျာထားစိုက်ပျိုးသွားမည့်အပြင် မြေပဲ ၁၄၈၈၇ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

ဖြိုးဝေလင်း(ပြန်/ဆက်)

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# မင်းဘူးမြို့နယ် ရေတွင်းကုန်းကျေးရွာ ဆားပွက်ချောင်းတံတားချဉ်းကပ်လမ်းနှင့် ရေတွင်းကုန်း-ဆင်လမ်းကြီး ကျေးရွာချင်းဆက်လမ်း ဖွင့်ပွဲကျင်းပ



**မကွေး နိုဝင်ဘာ ၁၂**

(၁၀၅) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မင်းဘူးမြို့နယ် ရေတွင်းကုန်းကျေးရွာ ဆားပွက်ချောင်းတံတား ချဉ်းကပ်လမ်းဖွင့်ပွဲနှင့် ရေတွင်းကုန်း-ဆင်လမ်းကြီး ကျေးရွာချင်းဆက်လမ်းဖွင့်ပွဲ အခမ်းအနားများကို နိုဝင်ဘာ ၁၀ ရက်နံနက်ပိုင်းက အဆိုပါမုခ်ဦးရှေ့များ၌ ကျင်းပသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ဦးစွာ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်နှင့် တိုင်းဒေသကြီးဝန်ကြီးများက မင်းဘူးမြို့နယ် ရေတွင်းကုန်းကျေးရွာ ဆားပွက်ချောင်း တံတား ချဉ်းကပ်လမ်းနှင့် ရေတွင်းကုန်း-ဆင်လမ်းကြီး ကျေးရွာချင်းဆက်လမ်းတို့အား မုခ်ဦးရှေ့များတွင် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က ယခုအချိန်မှာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် ဒေသခံပြည်သူလူထုမှ တင်ပြတောင်းဆိုသည့် ကျေးလက်ရေရရှိရေးနှင့် လမ်း၊ တံတားလုပ်ငန်းများကို Quick Win အစီအစဉ်နှင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးနေကြောင်း၊ ရေတွင်းကုန်းကျေးရွာ ဆားပွက်ချောင်းတံတား ချဉ်းကပ်လမ်းနှင့် ရေတွင်းကုန်း-ဆင်လမ်းကြီး ကျေးရွာချင်းဆက်လမ်းပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်သည့်အတွက် ဒေသခံခြောက်ရွာ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည်ဖြစ်ရာ ကျေးလက်လမ်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဒေသခံ ပြည်သူများအနေဖြင့်လည်း ဝိုင်းဝန်းကူညီထိန်းသိမ်းပေးကြရန် ပြောကြားသည်။

ထို့နောက် ကျေးရွာချင်းဆက်လမ်းများ ဆောင်ရွက်ပေးမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ထိုမှတစ်ဆင့် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ချောင်းဖြူကျေးရွာအနီး ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# မှော်ဘီမြို့နယ်၌ အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC) အဖွဲ့ဝင်များအား စွမ်းရည်မြှင့်သင်တန်းဖွင့်လှစ်



**မှော်ဘီ နိုဝင်ဘာ ၁၂**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်တွင် အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာနမှ အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေး ကော်မတီ (WCC)အဖွဲ့ဝင်များအား စွမ်းရည်မြှင့်သင်တန်းကို ယမန်နေ့ နံနက်ပိုင်းက မှော်ဘီမြို့နယ် မြောင်းတကာ သံမဏိရည်ကျိုစက်မှုဇုန် စက်မှုဇုန်စီမံခန့်ခွဲရေးရုံးခန်းမ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးစောဂျက်ကော့ထူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ခုံသမာဓိကောင်စီ အစိုးရ ကိုယ်စားလှယ် ဒေါ်တင်တင်ဝင်းက အလုပ်သမားရေးရာအငြင်းပွားမှုများမှ သိသင့်သောကိစ္စရပ်များအား ဆွေးနွေးပို့ချခြင်း၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်က အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ စည်းကြပ်သည့်ဥပဒေများနှင့် နည်းဥပဒေများကို ရှင်းလင်းပြောကြားခြင်း၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနမှဦးစီးအရာရှိ ဦးနေဝင်းက အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေး ဦးစီးဌာနမှ စည်းကြပ်သည့် ဥပဒေနှင့် နည်းဥပဒေများကို ရှင်းလင်းပြောကြားခြင်း၊ လူမှုဖူလုံရေးအဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝင်းဝင်းစန်းက လူမှုဖူလုံရေးဥပဒေပါအာမခံစနစ်များ ထည့်ဝင်ကြေးနှုန်းထားများ၊ ငွေကြေးအကျိုးခံစားခွင့်များကို ရှင်းလင်းပြောကြားကာ အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာနမှ တိုင်းဒေသကြီး ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဇင်ကေသွယ်က အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာနမှ စည်းကြပ်သော ၂၀၁၂ ခုနှစ် အလုပ်သမားရေးရာအငြင်းပွားမှု ဖြေရှင်းရေးဥပဒေ၊ နည်းဥပဒေများ အငြင်းပွားမှုဖြေရှင်းခြင်း နည်းလမ်းများကို စာတွေ့၊ လက်တွေ့ပို့ချရှင်းလင်းသည်။

အဆိုပါသင်တန်းတွင် မှော်ဘီမြို့နယ်၊ တိုက်ကြီးမြို့နယ်နှင့် ထန်းတပင်မြို့နယ်ရှိ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများမှ အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းကော်မတီ (WCC) အဖွဲ့ဝင်သင်တန်းသား သင်တန်းသူ ၄၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကောင်းမြတ်သူ(မှော်ဘီ)**




# ဓာတ်အားခွဲရုံများနှင့် မြို့နယ်လျှပ်စစ်မန်နေဂျာရုံးများအား ကွင်းဆင်းစစ်ဆေး

**ရန်ကုန် နိုဝင်ဘာ ၁၂**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းဥက္ကဋ္ဌ ဦးအောင်ကျော်ဦးသည် ရုံးချုပ်နှင့်ခရိုင်တို့မှ တာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာ ၁၂ ရက်တွင် တောင်ဥက္ကလာပမြို့နယ်၊ တာမွေမြို့နယ်၊ လမ်းမတော်မြို့နယ်နှင့် အလုံမြို့နယ်တို့သို့သွားရောက်၍ လျှပ်စစ်ဓာတ်အားခွဲရုံများနှင့် မြို့နယ်လျှပ်စစ်မန်နေဂျာရုံးများအား ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် ဓာတ်အားပျောက်ဆုံးမှုအခြေအနေများ၊ ဓာတ်အားခကြွေးကျန်အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ဗီဒါ/ ထရန်စဖော်မာအလိုက် မီးသုံးသူစာရင်းများထားရှိရေး၊ တရားမဝင် ဓာတ်အားသုံးစွဲမှုများမရှိစေရေး၊ ရပ်/ပျက်/နှေး မီတာများ အမြန်အစားထိုးလဲလှယ်ရေး၊ ဓာတ်အားခွဲရုံများကြံ့ခိုင်မှုရှိစေရေး၊ ဓာတ်အားလိုင်းများနှင့် မလွတ်ကင်းသည့် အန္တရာယ်ရှိသစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းရန်၊ ခွဲရုံပြင်ပသန့်ရှင်းရေးကို ခရိုင်စုဖွဲ့အင်အားဖြင့် ဆောင်ရွက်ရန်၊ ဗီဒါအလိုက် ဓာတ်အားပျောက်ဆုံးမှုများ စိစစ်၍ တရားမဝင်ဓာတ်အားသုံးစွဲမှုများ ဖော်ထုတ်ရန်မှာကြားပြီး မြို့နယ်လျှပ်စစ်မန်နေဂျာရုံးသို့ သွားရောက်၍ ဝန်ထမ်းများနှင့်တွေ့ဆုံကာ ဝန်ထမ်းများ၏တင်ပြချက်များအပေါ် ဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ချစ်ဆောင် (YESC)**

# အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်



**ရန်ကုန် နိုဝင်ဘာ ၁၂**

ရန်ကုန် တိုင်းဒေသကြီး လှိုင်သာယာ (အနောက်ပိုင်း) အတွင်းရှိ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်း(၁/၂၀၂၅) ဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၀ ရက်နံနက်ပိုင်းက လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ် မီးသတ်ဦးစီးမှူးရုံးခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားသို့ လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းလင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီး အရာရှိများနှင့် မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းဆရာများနှင့် လေ့ကျင့်ရေး(မွမ်းမံ) သင်တန်း အရန်မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းက အမှာစကားပြောကြားပြီး သင်တန်းသားများကို အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



**မိတ္ထီလာမြို့ MAX( ကန်တောင်) စက်သုံးဆီအရောင်းဆိုင်အား ခရိုင်မီးသတ်ဦးစီးဌာနမှ ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ဆန်းနှင့် တပ်ဖွဲ့ဝင်များက မီးဘေးကြိုတင်ကာကွယ်ရေးအတွက် လိုက်လံစစ်ဆေးခြင်းနှင့် ဆီဆိုင်ရှိဝန်ထမ်းများအား မီးသတ်ဆေးဘူးအသုံးပြု၍ လက်တွေ့မီးငြိမ်းသတ် ဇာတ်တိုက်လေ့ကျင့်ပေးခြင်းများကို နိုဝင်ဘာ ၁၂ ရက် နံနက်ပိုင်းက ဆောင်ရွက်စဉ်။**

ချမ်းသာ (မိတ္ထီလာ)

**❂ အာဆင်နယ်မှ**

အီးအက်ဖ်အယ်လ်ဖလားပွဲစဉ်ကို ကနဦးက ဒီဇင်ဘာ ၁၆ ရက်မှာ ကျင်းပရမှာဖြစ်ပေမယ့် ခရစ္စတယ်ပဲလေ့စ်အသင်းက ကွန်းဖရန့်လိဂ်ယှဉ်ပြိုင်ကစားရမှာဖြစ်လို့ အီးအက်ဖ်အယ်လ်ဖလား ကွာတားဖိုင်နယ်ပွဲစဉ်ကို ဒီဇင်ဘာ ၂၃ ရက်သို့ ပြောင်းခဲ့တာလည်းဖြစ်ပါတယ်။

ပရီမီယာလိဂ်ပွဲစဉ် ယှဉ်ပြိုင်မယ့်ရက်ပြောင်းရွှေ့ပေးဖို့ ပရီမီယာလိဂ်အဖွဲ့အစည်းထံ အာဆင်နယ်အသင်းနည်းပြ အာတီတာက တောင်းဆိုခဲ့တာဖြစ်ပြီး အာဆင်နယ်အသင်းဟာ အီးအက်ဖ်အယ်လ်ဖလား ကွာတားဖိုင်နယ်အဆင့်မှာ ခရစ္စတယ်ပဲလေ့စ်အသင်းကို အိမ်ကွင်းမှာ ဧည့်ခံကစားရမှာလည်းဖြစ်ပါတယ်။

အာဆင်နယ်အသင်းနဲ့ ခရစ္စတယ်ပဲလေ့စ်အသင်းတို့ရဲ့ ပရီမီယာလိဂ်အမှတ်ပေးဇယားရပ်တည်မှုမှာတော့ ပွဲစဉ်(၁၁)အပြီးမှာ အာဆင်နယ်အသင်းက ရမှတ် ၂၆ မှတ်နဲ့ဇယားထိပ်မှာ ဦးဆောင်နေပြီး ခရစ္စတယ်ပဲလေ့စ်အသင်းကတော့ ရမှတ် ၁၇ မှတ်နဲ့ အမှတ်ပေးဇယားအဆင့်(၁၀)နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

**ငွေကြယ်**

# ကရင်သက္ကရာဇ် ၂၇၆၅ ခုနှစ် ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်



ဘားအံ နိုဝင်ဘာ ၁၂

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်တွင် ကျရောက်မည့် ကရင်သက္ကရာဇ် ၂၇၆၅ ခုနှစ် ကရင်အမျိုးသားနှစ်သစ်ကူးနေ့နှင့် ကောက်သစ်စားပွဲကို ဘားအံမြို့ အမှတ်(၄)ရပ်ကွက် သီရိကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ယမန်နေ့ မွန်းလွဲ ၂နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၂)၌ ကျင်းပသည့် ကျင်းပရေးဦးစီးကော်မတီနှင့် အထောက်အကူပြု လုပ်ငန်းကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ သိရသည်။

အဆိုပါပွဲတော်ကို ကရင်အမျိုးသားအလံတင် အခမ်းအနား၊ နှစ်သစ်ကူးနေ့အခမ်းအနား၊ ကောက်သစ်စားပွဲတို့နှင့်အတူ ပွဲတော်မတိုင်မီ ကြိုဆိုဂုဏ်ပြုသောအားဖြင့် လမ်း၊ တံတား၊ အခြေခံအဆောက်အအုံ ဖွင့်ပွဲများ၊ အားကစားပြိုင်ပွဲများ၊ ကရင်တိုင်းရင်းသားတို့၏ ပဒေသာ အကအလှများဖြင့် ဖျော်ဖြေညှော်ခံပွဲများ၊ ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ်ဦးစောမြင့်ဦးက ကရင်အမျိုးသားနှစ်သစ်ကူးနေ့အခမ်းအနားကို အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းကော်မတီအသီးသီးကို ဖွဲ့စည်းတာဝန်ပေးအပ်ထားပြီး ယခုအစည်းအဝေးတွင် လိုအပ်သည်များ၊ ဖြည့်ဆည်းဆောင်ရွက်ပေးရမည့်ကိစ္စရပ်များနှင့် ဆုံးဖြတ်အတည်ပြုပေးရမည့်ကိစ္စရပ်များကို တင်ပြဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးများက ကရင်အမျိုးသားနှစ်သစ်ကူးနေ့နှင့် ကောက်သစ်စားပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်မည့် အစီအမံများကို သက်ဆိုင်ရာကဏ္ဍများ အလိုက် ဆွေးနွေးတင်ပြကြပြီး ကျင်းပရေးအထောက်အကူပြု လုပ်ငန်းကော်မတီအတွင်းရေးမှူးများက သက်ဆိုင်ရာ လုပ်ငန်းကော်မတီအလိုက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် ဆုံးဖြတ်အတည်ပြုပေးရမည့်ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။ ဆက်လက်၍ တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြကြရာ ဆွေးနွေးတင်ပြမှုများအပေါ် ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

ဆက်လက်၍ နှစ်(၇၀)ပြည့် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ် ဒုံးအကပြိုင်ပွဲတွင် ဆုရရှိကြသော ဒုံးအဖွဲ့များက ပြန်လည်ကပြဖျော်ဖြေတင်ဆက်သည့် အခမ်းအနားကို ယမန်နေ့ ညပိုင်းက ဘားအံမြို့ သီရိကွင်း ဒုံးစင်မြင့်၌ ကျင်းပရာ ဒုံးအဖွဲ့ခြောက်ဖွဲ့က ဖားစည်၊ ကျွဲချို၊ အိုးစည်၊ ဘင်၊ နှဲ၊ မောင်း၊ စည်းဝါး၊ လင်းကွင်းတို့ကို တီးမှုတ်ကြပြီး ကရင်တိုင်းရင်းသားတို့၏ လူနေမှုဘဝများ၊ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများ၊ ခေတ်ကာလအတွင်းကြုံတွေ့နေရသည့် အခြေအနေများကို ရေးစပ်သီကုံးထားသည့် ကရင်တေးသီချင်းများကိုသံပြိုင်သီဆို၍ မြူးကြွသွက်လက်မြိုင်ဆိုင်စွာဖြင့် ပြန်လည်ကပြသီဆိုဖျော်ဖြေခဲ့ကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသားပြည်သူများက ကြည့်ရှုအားပေးကြပြီး ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

နှစ်(၇၀)ပြည့် ကရင်ပြည်နယ်နေ့အခမ်းအနားကို ဒုံးအကပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများ၊ အားကစားပြိုင်ပွဲများ၊ ပြပွဲ၊ ပြိုင်ပွဲများ၊ ဒေသအစားအစာနှင့် မုန့်ဈေးရောင်းပွဲများ၊ နိုင်ငံကျော်တေးသံရှင်များနှင့် ဒေသခံတိုင်းရင်းသားတေးသံရှင်များ ပါဝင်သည့်စင်တင်တေးဂီတဖျော်ဖြေပွဲများ ထည့်သွင်းကျင်းပခဲ့ရာ အနယ်နယ်အရပ်ရပ်မှ လာရောက်လည်ပတ်သူများ၊ ဒေသခံပြည်သူများဖြင့် စည်ကားများပြားစွာ ပါဝင်ဆင်နွှဲကြကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**



## လွိုင်လင်မြို့၌ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပ

လွိုင်လင် နိုဝင်ဘာ ၁၂

ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲအခမ်းအနားကို လွိုင်လင်မြို့ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း၌ နိုဝင်ဘာ ၁၁ ရက် နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်မုခ်ဦးကို လွိုင်လင်တပ်နယ်မှူး ဗိုလ်မှူးချုပ်သန်းထွန်းအောင်၊ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကြည်မြင့်၊ လွိုင်လင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မျိုးမျိုးသွယ်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းထွဋ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဖျော်ဖြေရေးအစီအစဉ်များကို ကျင်းပရာ အထက (၂) ကျောင်းသား ကျောင်းသူများက "စည်းလုံးချင်းအတွက် သီချင်းတစ်ပုဒ်"၊ "နောင်အင်းလေး"၊ "လောကအားမာန်" သီချင်းတို့ဖြင့်လည်းကောင်း၊ အ.ထ.က(၁) လွိုင်လင်မှ ကျောင်းသား ကျောင်းသူများက "မြန်မာပြည်မှာစာပဒေသာဝေဆာစေ" သီချင်းဖြင့် သီဆိုကပြဖျော်ဖြေကြရာ တပ်နယ်မှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ လွိုင်လင်တပ်နယ်မှူးနှင့် တာဝန်ရှိသူများက စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဉာဏစွမ်းရည်ပြိုင်ပွဲများဖြစ်သည့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲများကိုလည်းကောင်း၊ ဌာနဆိုင်ရာအသီးသီးမှ ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခြင်း၊ ကာယစွမ်းရည်ပြိုင်ပွဲများ၌ ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာပါဝင်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးခဲ့ကြသည်။ **ခရိုင် (ပြန်/ဆက်)**

## နတ်မောက်မြို့၌ စက်သုံးဆီအရောင်းဆိုင်များ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လိုက်လံစစ်ဆေး

နတ်မောက် နိုဝင်ဘာ ၁၂

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်တွင် စက်သုံးဆီအရောင်းဆိုင်များ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများထားရှိမှု ရှိ/မရှိလိုက်လံစစ်ဆေးခြင်းကို ယမန်နေ့ နံနက်၁၀ နာရီက မြို့နယ်မီးသတ်ဦးစီးဌာနက ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့လိုက်လံစစ်ဆေးခဲ့ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဒုတိယဦးစီးမှူးနှင့်တပ်ဖွဲ့ဝင်များက စက်သုံးဆီအရောင်းဆိုင်များကို မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ဆေးဘူးများ အဆင်သင့်ပြင်ဆင်ထားရှိရေး၊ မီးသတ်ဆေးဘူးအသုံးပြုမှု၊ မီးသတ်ရေကန်များရေအပြည့်ထားရှိစေရေး၊ စက်သုံးဆီသိုလှောင်ကန်များ မီးဘေးအန္တရာယ်မဖြစ်ပွားအောင် တည်ဆောက်ထားရှိမှု၊ ဆီအမျိုးအစားပမာဏနှင့်မီးဘေးလုံခြုံရေးပစ္စည်းများအဆင်သင့်ထားရှိမှုရှိ/မရှိတို့ကို နတ်မောက်မြို့ရှိ ဟိန်းစက်သုံးဆီအရောင်းဆိုင်၊ ဇော်ကြီးစက်သုံးဆီအရောင်းဆိုင်နှင့် အောင်ကောင်းမြေစက်သုံးဆီအရောင်းဆိုင်များအား လိုက်လံစစ်ဆေးခဲ့ကြကြောင်း သိရသည်။



**လှဝင်း**

## မြန်အောင်မြို့နယ်၌ စာသင်ကျောင်းအခြေပြုမီးဘေးလုံခြုံရေးအသိပညာပေး၊ လက်တွေ့မီးငြိမ်းသတ်သရုပ်ပြ

မြန်အောင် နိုဝင်ဘာ ၁၂

ဧရာဝတီ တိုင်းဒေသကြီး မြန်အောင်မြို့နယ်မီးသတ်ဦးစီးဌာနက စာသင်ကျောင်းအခြေပြု မီးဘေးလုံခြုံရေးအသိပညာပေး လက်တွေ့မီးငြိမ်းသတ်သရုပ်ပြခြင်းနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို ယနေ့နံနက်ပိုင်းက အမှတ် (၂)အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်သည်။



ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်စခန်းမှ လက်ထောက်မီးသတ်ဦးစီးမှူး ဦးနိုင်ရဲထွေး ဦးဆောင်၍ သန္နေ့အရန်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့က စာသင်ကျောင်းအခြေပြု မီးဘေးလုံခြုံရေး ဟောပြောခြင်း၊ မီးဘေးသတိမူရေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့်မီးငြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းများ ပြုလုပ်ရာ အခမ်းအနားသို့ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ရောဦးသာ**

## ဒေါပုံမြို့နယ်၌ မွေးမိခင်များအား လိုအပ်သည်များ ထောက်ပံ့ပေးအပ်


ရန်ကုန် နိုဝင်ဘာ ၁၂

ဗိုလ်တထောင်ခရိုင် ဒေါပုံမြို့နယ်တွင် ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နှင်းဇာခြည်ဦးနှင့် အဖွဲ့ဝင်များ ဦးဆောင်၍ ဒေါပုံမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင် သားဖွားခန်း၌ ယနေ့မွန်းတည့် ၁၂နာရီက မွေးမိခင်များအား လာရောက်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ထောက်ပံ့ရာတွင် ရန်ကုန်တိုင်းဒေသကြီးမိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နှင်းဇာခြည်ဦးနှင့်အဖွဲ့ဝင်များ၊ဗိုလ်တထောင်ခရိုင်နှင့်ဒေါပုံမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက အသင်းပိုင်သားဖွားခန်းတွင် လာရောက်မွေးဖွားသည့် မွေးမိခင်ငါးဦးအား တစ်ဦးလျှင် အာဟာရဖြည့်အစားအစာများဖြစ်သည့် ကွေကာအုပ်၊ ကြက်ဥ၊ အိုင်အိုဒင်းဆား၊ အားဆေးနှင့် အနှီးပိတ်များအပြင် မိခင်တစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀စီ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **ချစ်စုဝေ(ပြန်/ဆက်)**



# ပါကစ္စတန်နိုင်ငံတွင် နိုင်ငံသားများ၏ လူမှုစီးပွားဘဝမြှင့်တင်ရေးဆောင်ရွက်မည်



**အစ္စလာမာဘတ် နိုဝင်ဘာ ၁၂**

ပါကစ္စတန်အစိုးရသည် နိုင်ငံသားများ၏ လူမှုစီးပွားဘဝများမြှင့်တင်ရေး၊ နိုင်ငံအတွင်းငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးတို့အတွက် ဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ရှာဗတ် ရှာရစ်က နိုဝင်ဘာ ၁၁ ရက်တွင် ပြောသည်။

ကမ္ဘာပေါ်တွင် ဖြစ်ပွားနေသည့် ပဋိပက္ခများကို လေ့လာခြင်းဖြင့် ငြိမ်းချမ်းရေးနှင့်တည်ငြိမ်ရေးသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး၏ အုတ်မြစ်ဖြစ်ကြောင်း တွေ့ရှိခဲ့သည်ဟု ၎င်းက ပြောသည်။

ပါကစ္စတန်အနေဖြင့် အချုပ်အခြာအာဏာနှင့် ပိုင်နက်နယ်မြေပိုင်ဆိုင်မှုကို ထိန်းသိမ်းစောင့်ရှောက်မည်ဖြစ်ကြောင်း ရှာဗတ် ရှာရစ်က ပြောသည်။ အာဖဂန်နစ္စတန်နိုင်ငံ၏ ငြိမ်းချမ်းရေးနှင့်တည်ငြိမ်ရေးသည် ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးကြောင်း ၎င်းက ပြောသည်။ အာဖဂန်နစ္စတန်နိုင်ငံအတွင်း လုံခြုံမှုရှိစေရေးဆောင်ရွက်ရန် အာဖဂန်နစ္စတန်အစိုးရအား တိုက်တွန်းခဲ့ပြီး ပါကစ္စတန်ကလည်း ၎င်းကိစ္စကို ကူညီဆောင်ရွက်မည်ဟု ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။ ပါကစ္စတန်နိုင်ငံအတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအား ငွေကြေးထောက်ပံ့မည်ဖြစ်ကာ နိုင်ငံတကာငွေကြေးအဖွဲ့အစည်းများနှင့် ဆက်သွယ်၍ ဘဏ္ဍာရေးစနစ်များဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်မည်ဖြစ်ပြီး ရာသီဥတုဆိုင်ရာသဘာဝဘေးကာကွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးတို့ကို ဆောင်ရွက်မည်ဟု သိရသည်။ နိုင်ငံသားများအနေဖြင့် ငြိမ်းချမ်းရေး၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပါဝင်ဆောင်ရွက်ကြရန် ၎င်းက တိုက်တွန်းပြောကြားခဲ့သည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

# မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုကို တိုက်ဖျက်ရန် အမေရိကန်လေယာဉ်တင်သင်္ဘော ကာရေဘီယံဒေသသို့ ရောက်ရှိ



**ကာရာကတ် နိုဝင်ဘာ ၁၂**

ကာရေဘီယံဒေသ၌ မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုကို တိုက်ဖျက်ရန် အမေရိကန်လေယာဉ်တင် သင်္ဘောသည် ကာရေဘီယံဒေသသို့ ယမန်နေ့တွင် ရောက်ရှိလျက်ရှိသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က မူးယစ်ဆေးဝါးရောင်းဝယ် ဖောက်ကားသည့် သင်္ဘောများကို စက်တင်ဘာလကတည်းက တိုက်ခိုက်ချေမှုန်းရန် အမိန့်ပေးခဲ့သည်။ ကာရေဘီယံဒေသရှိ ဗင်နီဇွဲလားကဲ့သို့သော နိုင်ငံများမှ မူးယစ်ဆေးအမြောက်အမြား အမေရိကန်သို့ မှောင်ခိုတင်သွင်းလျက် ရှိကြောင်း ဒေါ်နယ်ထရမ့်က အခိုင်အမာ ပြောကြားခဲ့သည်။ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးဆိုင်ရာ မြေပြင်စစ်ဆင်ရေးများကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါ်နယ်ထရမ့်က သတိပေးပြောကြားသည်။

ကမ္ဘာ့အကြီးဆုံး လေယာဉ်တင်သင်္ဘော USS Gerald R. Ford ဦးဆောင်သော တိုက်ခိုက်မှုအုပ်စုသည် လက်တင်အမေရိကနှင့် ကာရစ်ဘီယံတို့ ပါဝင်သော အမေရိကန် တောင်ပိုင်း စစ်ဌာနချုပ်သို့ ဝင်ရောက်ခဲ့ကြောင်း အမေရိကန်ရေတပ်က ယမန်နေ့တွင် ကြေညာခဲ့သည်။

သင်္ဘော တိုက်ခိုက်ရေးအဖွဲ့တွင် တိုမာဟော့ခ်ဒုံးကျည်များ တပ်ဆင်ထားသော ဖျက်သင်္ဘော အများအပြားပါဝင်ကြောင်း အမေရိကန်မီဒီယာများက ဖော်ပြသည်။

မူးယစ်ဆေးဝါး မှောင်ခိုသယ်ယူသည့် လှေငယ်များကို တိုက်ခိုက်ရန်အတွက် အမေရိကန်၏ တပ်ဖြန့်ထားရှိမှုသည် လိုအပ်သည်ထက် အင်အားပိုမိုများပြားလျက်ရှိကြောင်း အမေရိကန်မီဒီယာများက ဆိုသည်။

ဗင်နီဇွဲလားနိုင်ငံက ယမန်နေ့တွင် စစ်ရေးလေ့ကျင့်မှု စတင်ပြုလုပ်ခဲ့သည်။

ကာကွယ်ရေးဝန်ကြီး ဗလာဒီမာပါဒရီနိုနှင့် တာဝန်ရှိသူများက နိုင်ငံအတွင်းတပ်ဆင်ထားသော ဒုံးကျည်များကို စစ်ဆေးကြည့်ရှုနေသည့် ဗီဒီယိုဖိုင်ကို ဗင်နီဇွဲလားနိုင်ငံပိုင် ရုပ်သံက ပြသခဲ့ကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**



# ကမ္ဘာတစ်ဝန်း၌ ရာသီဥတုဆိုင်ရာ ဘေးအန္တရာယ်များကြောင့် ရွှေ့ပြောင်းဒုက္ခသည်ပေါင်း သန်း ၂၅၀ ခန့်ရှိ

**ကုလသမဂ္ဂ နိုဝင်ဘာ ၁၂**

လွန်ခဲ့သော ၁၀ နှစ်အတွင်း ကမ္ဘာတစ်ဝန်း၌ ရာသီဥတုဆိုင်ရာ ဘေးအန္တရာယ်များကြောင့် ရွှေ့ပြောင်းဒုက္ခသည်ပေါင်း သန်း ၂၅၀ ခန့်ရှိကြောင်း ကုလသမဂ္ဂအစီရင်ခံစာတစ်ရပ်တွင် ဖော်ပြထားသည်။

ဘရာဇီးနိုင်ငံ အမေဇုန်ဒေသရှိ ဘီလမ်မြို့၌ COP30 ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ညီလာခံကျင်းပပြီးနောက် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ အေဂျင်စီ(UNHCR) က အဆိုပါ အစီရင်ခံစာကို ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

အစီရင်ခံစာအရ ၁၀ နှစ်အတွင်း ရွှေ့ပြောင်းနေထိုင်သူ သန်း ၂၅၀ ရှိခြင်းသည် တစ်နေ့လျှင် ပြည်သူ ၇၀၀၀၀ ခန့် နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေရခြင်းကို ဆိုလိုသည်။

မိုးခေါင်ရေရှားမှု၊ ရေကြီးမှုနှင့် အခြားပြင်းထန်သော ရာသီဥတုဖြစ်စဉ်များကြောင့် ပြည်သူများက ထွက်ပြေးတိမ်းရှောင်ခဲ့ရခြင်းဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ရာသီဥတုနှင့်ဆက်နွယ်သော ဘေးအန္တရာယ်များကို ကာကွယ်ရန် ရန်ပုံငွေပြတ်လပ်မှုကိုလည်း ထောက်ပြထားပြီး ရန်ပုံငွေများကို ဝေးလံခေါင်ဖျားဒေသများအထိ ရောက်ရှိရန် လိုအပ်ကြောင်းလည်း ရေးသားဖော်ပြထားသည်။

ရာသီဥတုဆိုင်ရာ ဆောင်ရွက်မှုအစီအစဉ်များအတွက် ဆုံးဖြတ်ချက်ချသည့် လုပ်ငန်းစဉ်များတွင် ရွှေ့ပြောင်းနေထိုင်သူများအတွက် ထည့်သွင်းစဉ်းစားပေးရန် လိုအပ်ကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး ဖီလစ်ပိုဂရန်ဒီက ပြောကြား ခဲ့သည်။ **ကိုးကား– ဆင်ဟွာ၊ ဘာသာပြန် – အောင်ကျော်ကျော်**

# ဂါဇာဒေသ၌ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးထရပ်ကားများ ဝင်ရောက်ရန် ဇီကင်မ်နယ်စပ်ဖြတ်ကျော်ဂိတ် ပြန်လည်ဖွင့်လှစ်

**ဂျေရုဆလင် နိုဝင်ဘာ ၁၂**



ဂါဇာမြောက်ပိုင်းသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေး ထရပ်ကားများ ဝင်ရောက်ရန် ဇီကင်မ်နယ်စပ်ဖြတ်ကျော် ဂိတ်ကို ပြန်လည်ဖွင့်လှစ်ခဲ့ကြောင်း အစ္စရေးက ယနေ့ပြောကြားခဲ့သည်။

အစ္စရေးကာကွယ်ရေးဝန်ကြီးဌာန၏ နယ်စပ်ဖြတ်ကျော် အာဏာပိုင်အဖွဲ့က “လုံခြုံရေးစစ်ဆေးမှုများ” အပြီးတွင် ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများက အကူအညီများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် အဆိုပါဆောင်ရွက်မှုသည် နိုင်ငံရေးစံနှုန်းများကို လိုက်နာခြင်းဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ပါရှိသည်။

စစ်ပွဲဒဏ်ကို ဆိုးရွားစွာ ထိခိုက်ခံစားရသောဒေသများသို့ ရိက္ခာများ ပိုမိုရောက်ရှိနိုင်စေရန် ဂါဇာမြောက်ပိုင်းရှိ နယ်စပ်ဖြတ်ကျော်ဂိတ်များကို ပြန်လည်ဖွင့်လှစ်ရန် ကုလသမဂ္ဂနှင့် နိုင်ငံတကာ အကူအညီပေးရေးအေဂျင်စီများက အစ္စရေးအား ကာလရှည်ကြာ တိုက်တွန်းထားသည်။

ဂါဇာကမ်းမြောင်ဒေသသို့ အကူအညီများ ပေးပို့ရာတွင် ပြင်းထန်သော အစ္စရေးလုံခြုံရေးစစ်ဆေးမှုများနှင့် ခွင့်ပြုထားသောကုန်ပစ္စည်းများအပေါ် တင်းကျပ်သည့် ကန့်သတ်မှုများကြောင့် အဟန့်အတားဖြစ်နေကြောင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ကုန်တင်ကားများ နယ်မြေအတွင်းသို့ ဝင်ရောက်ပြီးသည့်တိုင် ကျယ်ပြန့်သော အခြေခံအဆောက်အအုံများ ပျက်စီးခြင်းနှင့် လုယက်ခြင်းအန္တရာယ်ကြောင့် ထောက်ပံ့ရေးပစ္စည်းများ ဖြန့်ဝေရေးမှာ ခက်ခဲနေဆဲဖြစ်သည်။ **ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# ဂျပန်နိုင်ငံ၌ ဝက်ဝံသုတ်သင်ရေးအစီအမံများ ချမှတ်ဆောင်ရွက်

**တိုကျို နိုဝင်ဘာ ၁၂**

ဂျပန်နိုင်ငံရှိ လူနေထူထပ်သည့်ဒေသများတွင် ဝက်ဝံတိုက်ခိုက်မှု များလာသဖြင့် ၎င်းကိစ္စကို ဖြေရှင်းဆောင်ရွက်ရေးအတွက် ဂျပန်အစိုးရက အစီအမံများ ချမှတ်ဆောင်ရွက်နေကြောင်း သိရသည်။

ဝက်ဝံများအား ပစ်ခတ်တိုက်ခိုက်ရန်အတွက် ဒေသခံများအား သေနတ်အသုံးပြုပုံကို သင်ကြားပေးမည်ဖြစ်ကာ ၎င်းအစီအမံတွင် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့ဝင်များ ပါဝင်ဆောင်ရွက်မည်ဖြစ်သည်။

ဝက်ဝံများအား ရိုင်ဖယ်သေနတ်အသုံးပြု၍ သုတ်သင်မည်ဖြစ်ကာ ကျွမ်းကျင်သူများက သုတ်သင်ရာတွင် ဆောင်ရွက်ရမည့်အချက်များနှင့် ဝက်ဝံများအား လူနေထူထပ်သည့်နေရာများမှ ဘေးကင်းရာသို့ ရွှေ့ပြောင်းရေး ဆောင်ရွက်ပုံကို သင်ကြားပြသမည်ဖြစ်သည်။ ဝက်ဝံကာကွယ်ရေးဆောင်ရွက်ရာတွင် လိုအပ်သည့်ငွေကြေးများကို ထောက်ပံ့မည်ဖြစ်သည်။ ဝက်ဝံများ၏ အရေအတွက်ကိုလိုက်၍ ရေရှည်တွင် ဘေးမဲ့ကြိုးဝိုင်းများကို ဆောင်ရွက်မည်ဟု သိရသည်။

ဝက်ဝံသုတ်သင်ရေးအတွက် အစိုးရအဖွဲ့အစည်းအဝေးကို လာမည့်ရက်များအတွင်း ကျင်းပမည်ဟုသိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ၊ ဘာသာပြန် – စိုးသူရ**

## စစ်ကိုင်းတိုင်းဒေသကြီး အားကစားအောင်နိုင်ရေးနှင့် ဌာနပေါင်းစုံ အားကစားပြိုင်ပွဲများ ကျင်းပရေး အစည်းအဝေးကျင်းပ

မုံရွာ နိုဝင်ဘာ ၁၂

စစ်ကိုင်းတိုင်းဒေသကြီး အားကစား အောင်နိုင်ရေးနှင့် ဌာနပေါင်းစုံ အားကစားပြိုင်ပွဲများ ကျင်းပရေး အစည်းအဝေးကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ အားကစားနည်းများအလိုက် ဆပ်ကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အားကစားပြိုင်ပွဲများကို ဝန်ထမ်းများ လုပ်ငန်းခွင်တွင် ကျန်းမာပျော်ရွှင်မှုရှိစေရေးနှင့် ဌာနအချင်းချင်း ချစ်ကြည်ရင်းနှီးမှုရှိရေးအတွက် ကျင်းပရခြင်းဖြစ်ပြီး စည်းလုံးညီညွတ်စွာ ပါဝင်ယှဉ်ပြိုင်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက်တိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးက အားကစားအောင်နိုင်ရေးနှင့် ဌာနပေါင်းစုံအားကစားပြိုင်ပွဲများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြပြီး အားကစားနည်းများအလိုက် ဆပ်ကော်မတီဥက္ကဋ္ဌများက တာဝန်ယူဆောင်ရွက်မည့် လုပ်ငန်းတာဝန်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဌာနဆိုင်ရာများက တိုင်းဒေသကြီး အားကစားအောင်နိုင်ရေးနှင့် ဌာနပေါင်းစုံအားကစားပြိုင်ပွဲများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ဖြည့်စွက်ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



တိုင်းဒေသကြီး(ပြန်/ဆက်)

## ဒဂုံမြို့နယ် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၂

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန် မြှင့်တင်ရေးပွဲတော်ကို နိုဝင်ဘာ ၁၁ ရက် နံနက်ပိုင်းတွင် ဒဂုံမြို့နယ်ရှိ အမှတ်(၂)အခြေခံပညာ အလယ်တန်းကျောင်း၌ ကျင်းပသည်။



ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင် (၂) ဦးမြင့်အေးက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်အေးအေးခိုင်က အခမ်းအနားကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် စာရေးဆရာမ ပေါက်ပေါက်က "စာဖတ်ခြင်း၏ အကျိုးကျေးဇူး" ခေါင်းစဉ်ဖြင့် ဟောပြောပြီး လူငယ်စကားဝိုင်းကျင်းပရာ လူငယ်စကားဝိုင်းတွင် ဦးဆောင်သူအဖြစ် ဒဂုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်သူဟိန်းက ဆောင်ရွက်ပြီး ဗဟန်းမြို့နယ် အမှတ် (၂)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက လူငယ်နှင့်အားကစား၊ လူငယ်နှင့် ကျန်းမာရေး၊ လူငယ်နှင့် စာရိတ္တ၊ လူငယ်နှင့်စာပေ ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် ကျောင်းသား ကျောင်းသူများက စကားပုံဆက်ပြိုင်ပွဲ၊ ကြက်ဥကောက်ပြိုင်ပွဲ၊ ခါးလှည့်ကွင်းပြိုင်ပွဲ၊ ပူဖောင်းဖောက်ပြိုင်ပွဲ၊ ဘယ်ခြေညာလက် ခါးလှည့်ကွင်းပြိုင်ပွဲများကို ယှဉ်ပြိုင်ကြရာ အနိုင်ရရှိသူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ကျော်သူဟိန်း(ပြန်/ဆက်)



## တာမွေမြို့နယ်ရှိ ရွှေဗဟိုအထွေထွေရောဂါကုဆေးရုံ၌ မီးဘေးလုံခြုံရေး အသိပညာပေး သရုပ်ပြလေ့ကျင့်

တာမွေ နိုဝင်ဘာ ၁၂

တာမွေမြို့နယ် နတ်ချောင်းရပ်ကွက်ရှိ ရွှေဗဟိုအထွေထွေရောဂါကုဆေးရုံ၌ ယနေ့နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများက မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့မီးငြှိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်ခြင်းများ ဆောင်ရွက်ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် တာမွေမြို့နယ်မီးသတ်စခန်းမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးထွန်းထွန်းလင်း ဦးဆောင်၍ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များက ဆေးရုံဝင်းအတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများအား မီးသတ်ဆေးဘူးအပါအဝင် မီးငြှိမ်းသတ်ရေးပစ္စည်းကိရိယာများ အသုံးပြု၍ စနစ်တကျမီးငြှိမ်းသတ်နည်းများကို အသိပညာပေး ဟောပြောခြင်းနှင့် လက်တွေ့မီးငြှိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

နိုင်လင်းအောင်(ပြန်/ဆက်)

## နတ်တလင်းမြို့နယ်၌ မဲစာရင်းများ ပြည့်စုံမှန်ကန်စေရေး တွေ့ဆုံပွဲ ကျင်းပ



နတ်တလင်း နိုဝင်ဘာ ၁၂

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၁၁ရက် နံနက်ပိုင်းက မဲစာရင်းများ ပြည့်စုံမှန်ကန်စေရေး တွေ့ဆုံပွဲကျင်းပသည်။

ဦးစွာ သာယာဝတီခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဖေအောင်သူက အမှာစကားပြောကြားကာ ပြည်ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကြည်မြက ဒုတိယအကြိမ် မဲစာရင်းများပြည့်စုံမှန်ကန်ရေး ဆောင်ရွက်ရမည့်အခြေအနေများကို ရှင်းလင်းပြောကြားပြီး နတ်တလင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းနိုင်က ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းဆောင်ရွက်ထားရှိမှုများကို ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

ဝေယံဖြိုး(ပြန်/ဆက်)



မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ်၌ မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပွားစေရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်မီးသတ်ဦးစီးမှူး ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များ နိုဝင်ဘာ ၁၂ ရက်က အမှတ်(၄)ရပ်ကွက်ရှိ ဌာနဆိုင်ရာ ရုံးအဆောက်အအုံများတွင် မီးဘေးလုံခြုံရေး စစ်ဆေးစဉ်။

ချင်းကလေး(NRDC)

## ပန်းတနော်မြို့နယ်၌ လယ်ယာမြေ အခြားနည်းသုံးစွဲခွင့်ရရှိရေး ဆောင်ရွက်ရမည့်လုပ်ငန်း ရှင်းလင်းဆွေးနွေး

ပန်းတနော် နိုဝင်ဘာ ၁၂

ဧရာဝတီ တိုင်းဒေသကြီး ပန်းတနော်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန ရွှေနော်သီရိခန်းမ၌ နိုဝင်ဘာ ၁၁ ရက် နံနက်ပိုင်းက လယ်ယာမြေဥပဒေနှင့် အခြားနည်း သုံးစွဲခွင့်ရရှိရေး ဆောင်ရွက်ရမည့် လုပ်ငန်း အဆင့်ဆင့် ရှင်းလင်းဆွေးနွေးသည်။

ဆွေးနွေးပွဲတွင် ငါးမွေးကန်တောင်သူများ တက်ရောက်ကြပြီး ပန်းတနော်မြို့နယ် မြေစာရင်းဦးစီးဌာနမှူး ဦးဇော်မျိုးလွင်က လယ်ယာမြေဥပဒေနှင့် အခြားနည်းသုံးစွဲခွင့်ရရှိရေး ဆောင်ရွက်ရမည့် လုပ်ငန်းအဆင့်ဆင့်နှင့် လယ်ယာမြေပေါ်တွင် ခွင့်ပြုချက်မရရှိဘဲ ငါးမွေးကန်တူးဖော်သည့် လုပ်ငန်းများ မရှိစေရေး၊ ငါးမွေးတောင်သူများမှ သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ငါးမွေးမြူရေး လုပ်ငန်းများကို စနစ်တကျ လုပ်ကိုင်သွားရေးတို့ကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)



## ဘိုကလေးမြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လှည့်လည်နှိုးဆော်သတိပေး

ဘိုကလေး နိုဝင်ဘာ ၁၂

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် မီးသတ်ဦးစီးဌာနက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် ယနေ့ညနေပိုင်းက ရပ်ကွက်/ကျေးရွာများသို့ လှည့်လည်နှိုးဆော်သတိပေးဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်လက်ထောက်ဦးစီးမှူး ဦးစိုးထက်အောင် ဦးဆောင်ကာ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်လျှပ်စစ်ရုံး တာဝန်ရှိသူများ ပူးပေါင်းအဖွဲ့တို့က ဘိုကလေးမြို့နယ်အတွင်း မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် နေအိမ်တိုင်းတွင် ရေလုံလောက်စွာထားရှိရေး၊ မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲအိတ်များထားရှိရေး၊ ထမင်း၊ ဟင်းချက်ပြုတ်ရာတွင် ထင်း၊ မီးသွေးများဖြင့် ချက်ပြုတ်ပါက နေအိမ်အပေါ်ထပ်များတွင် ချက်ပြုတ်ခြင်း မပြုကြရန် သတိပေးနှိုးဆော်ခဲ့ကြောင်း သိရသည်။

မိုးဟိန်းထက်

■

# မုဒုံမြို့၌ တိုင်းရင်းသားရေးရာ အသိပညာပေးဟောပြော

မုဒုံ နိုဝင်ဘာ ၁၂

မုဒုံမြို့တွင် တိုင်းရင်းသားရေးရာ အသိပညာပေး ဟောပြောခြင်းနှင့် ရပ်ရွာအခြေပြု အသက်မွေးဝမ်းကျောင်းပညာ လိုအပ်ချက်ဆန်းစစ်စီမံ ခြင်းကို ယမန်နေ့က ကျောက်တစ်လုံးကျေးရွာရှိ မြိုင်ကုန်းဘုန်းကြီး ကျောင်း၌ ပြုလုပ်သည်။



အခမ်းအနားတွင် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ပြည်နယ်ညွှန်ကြားရေးမှူး ဒေါ်သန္တာလင်းက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုများ၊ အမုန်းစကားနှင့်အကြမ်းဖက်မှုဖြစ်စေရန် လှုံ့ဆော်မှုကို တားဆီးခြင်းဆိုင်ရာ အသိပညာပေးကိစ္စရပ်များ၊ လက်ထောက် ညွှန်ကြားရေးမှူးက တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ် စောင့်ရှောက်သည့် ဥပဒေ၊ နည်းဥပဒေ၊ ပြည်နယ် တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှု ဦးစီးဌာနမှ လက်ထောက်ညွှန်ကြာရေးမှူးက တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဆိုင်ရာ ကိစ္စရပ်များ၊ ပြည်နယ်လူမှုဝန်ထမ်းရုံးမှ ဦးစီးအရာရှိက အမျိုးသမီး/ မသန်စွမ်း/ ကလေးသူငယ်အခွင့်အရေး၊ လူငယ်ရေးရာမူဝါဒ၊ လူမှုရေးပင်စင်ဆိုင်ရာ ကိစ္စရပ်များ၊ ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက ပလတ်စတစ်ညစ်ညမ်းခြင်းအကြောင်းတို့ကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ရာမည (ပြန်/ဆက်)**




❖ **2025 MYM မှ**

မြန်မာ့လက်ရွေးစင်ကစားသမားများအတွက် မန်းစီးတီးဂေါက်သီးရိုက်အသင်းက ကျပ်သိန်း ၁၀၀၊ ဥက္ကဋ္ဌ ဦးရွှေမြင့်က ကျပ်သိန်း ၅၀၊ ရွှေမန်းတောင်ဂေါက်ကွင်းက ကျပ်သိန်း ၁၀၀ ၊ ရင်လုံဂေါက်သီးရိုက်အသင်းက သိန်း ၁၀၀၊ ဥက္ကဋ္ဌ ဦးလှမြင့်ရွှေက ကျပ်သိန်း ၅၀ တို့ပေးအပ်ရာ မြန်မာနိုင်ငံဂေါက်သီးအားကစား အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကိုကိုအေးက လက်ခံရယူသည်။

ထို့နောက် မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကိုကိုအေးက မန်းစီးတီးဂေါက်သီးရိုက်အသင်းဥက္ကဋ္ဌ ဦးရွှေမြင့်၊ ရင်လုံဂေါက်သီးရိုက်သင်း ဥက္ကဋ္ဌ ဦးလှမြင့်ရွှေတို့အား အမှတ်တရ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။ ဆက်လက်၍ ပြိုင်ပွဲအားကြီးကြပ်ပေးသော မြန်မာနိုင်ငံဂေါက်သီးအားကစား အဖွဲ့ချုပ်ဒိုင်အဖွဲ့ များအား မန်းစီးတီးဂေါက်သီးရိုက်အသင်းနှင့် ရင်လုံဂေါက်သီးရိုက်အသင်းတို့က အမှတ်တရ လက်ဆောင်ပေးအပ်သည်။ ယင်းနောက် ယခုနှစ်တွင် ဗိုလ်စွဲသွားသော ရင်လုံဂေါက်သီးရိုက်အသင်းထံ MYM Cup ဖလားကို မန်းစီးတီးဂေါက်သီးရိုက်အသင်းက လွှဲပြောင်းပေးအပ်သည်။

ကျင်းပပြီးစီးခဲ့သည့် MYM Cup ပြိုင်ပွဲတစ်လျှောက် ၂၀၁၃ ခုနှစ် ရန်ကုန်မြို့ Royal Mingalardon Golf & Country Club ၌ ကျင်းပသည့် ပထမအကြိမ်တွင် ရင်လုံအသင်း၊ ၂၀၁၄ ခုနှစ် မန္တလေးမြို့ ရွှေစာရံဂေါက်ကွင်း၌ကျင်းပသည့် ဒုတိယအကြိမ်တွင် မန်းစီးတီးအသင်း၊ ၂၀၁၅ ခုနှစ် ရန်ကုန်မြို့ ရန်ကုန်ဂေါက်ကလပ်၌ ကျင်းပသည့် တတိယအကြိမ်တွင် ရင်လုံအသင်း၊ ၂၀၁၆ ခုနှစ် မန္တလေးမြို့ ရွှေမန်းတောင် ဂေါက်ကွင်း၌ ကျင်းပသည့် စတုတ္ထအကြိမ်တွင် ရင်လုံအသင်း၊ ၂၀၁၇ ခုနှစ် ပုဂံဂေါက်ကွင်း၌ ကျင်းပသည့် ပဉ္စမအကြိမ်တွင် မန်းစီးတီးအသင်း၊ ၂၀၁၉ ခုနှစ် ဒဂုံဂေါက်ကွင်း၌ကျင်းပသည့် ဆဋ္ဌမအကြိမ်တွင် ရင်လုံအသင်း၊ ၂၀၂၃ ခုနှစ် မန္တလေးမြို့ ရေတံခွန်တောင်ဂေါက်ကွင်း၌ ကျင်းပသည့် သတ္တမအကြိမ်ပြိုင်ပွဲတွင် မန်းစီးတီးအသင်း၊ ယခု ၂၀၂၅ ခုနှစ် အဋ္ဌမအကြိမ်ပြိုင်ပွဲတွင် ရင်လုံအသင်းတို့ အနိုင်ရဗိုလ်စွဲခဲ့သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-MGF**



## ထားဝယ်မြို့၌ လက်တွေ့မီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်

ထားဝယ် နိုဝင်ဘာ ၁၂

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်မီးသတ်ဦးစီးဌာနက မီးဘေးလုံခြုံရေးအသိပညာပေးဟောပြောပွဲနှင့်လက်တွေ့မီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်မှုများကို ယမန်နေ့မွန်းလွဲပိုင်းက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းနှင့်အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းတို့၌ ပြုလုပ်သည်။

ဦးစွာ ထားဝယ်မြို့နယ် မီးသတ်ဦးစီးမှူး ဦးဖြိုးကိုကိုအောင်က မီးလောင်မှုဖြစ်ပွားရခြင်း၏ အကြောင်းရင်းများ၊ မီးလောင်မှုဖြစ်ပွားနိုင် သည့် အခြေအနေများ၊ မီးဘေးအန္တရာယ် ကင်းဝေးစေရေးအတွက် လိုက်နာရမည့် အချက်များနှင့် ရှောင်ကြဉ်ရမည့် အချက်များကို အသိပညာပေး ဟောပြောသည်။

ဆက်လက်၍ မြို့နယ်မီးသတ်ဦးစီးမှူးဦးဆောင်၍ တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်နည်း၊ ရေစိုအဝတ်များအသုံးပြု၍ မီးငြိမ်းသတ်နည်းများကို သရုပ်ပြခဲ့ကြပြီး ကျောင်းသားကျောင်းသူများက လက်တွေ့ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ငွေဇင်ယော်(ထားဝယ်)**

## ဇေယျာသီရိမြို့နယ်၌ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေး

နေပြည်တော် နိုဝင်ဘာ ၁၂

နေပြည်တော် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနက ဦးဆောင်၍ နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဆေးအဖွဲ့မှ အထူးကုဆရာဝန်ကြီးများက ဇေယျာသီရိမြို့နယ်အတွင်းရှိ ပြည်သူများအား နိုဝင်ဘာ ၁၁ ရက် နံနက်ပိုင်းက ရေဆင်းကျေးရွာ မိုးကုတ်ဓမ္မရိပ်သာရွှေကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့သည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် နေပြည်တော် ပြည်သူ့ဆေးရုံကြီး(ခုတင်-၃၀၀)မှ ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်ကြီးများအဖွဲ့၊ ဇေယျာသီရိမြို့နယ် ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံမှ ဆေးအဖွဲ့တို့သည် ဇေယျာသီရိမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၃ စုမှ ကျေးရွာစုစုပေါင်း ၇၅ ရွာမှ ပြည်သူများအား အထူးကုကွင်းဆင်းကုသမှုများ ပြုလုပ်ခဲ့ပြီး အထွေထွေရောဂါ၊ ခွဲစိတ်ရောဂါ၊ အရိုးရောဂါ၊ ကလေးရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ကာယကု စသည့် ဆေးကုသမှုလုပ်ငန်းများအပြင် ကိုဗစ်ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်း၊ တီဘီရောဂါကြည့်ရှုကုသပေးခြင်း၊ ရွှေ့လျားဓာတ်မှန်ယာဉ်ဖြင့် ကြည့်ရှုဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ထွန်းလင်း(ဇေယျာမြေ)**






## "ခေတ်ဆန်းချိန်" အမျိုးသားအောင်ပွဲနေ့ ဂုဏ်ပြု တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

နေပြည်တော် နိုဝင်ဘာ ၁၂

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန် ရည်ရွယ်ပြီး Friday Night Live Show တေးဂီတဖျော်ဖြေပွဲများကို ဆန်းသစ် တင်ဆက်လျက်ရှိရာ (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ကို ဂုဏ်ပြုသောအားဖြင့် "ခေတ်ဆန်းချိန်" အမျိုးသားအောင်ပွဲနေ့ ဂုဏ်ပြု တေးဂီတဖျော်ဖြေပွဲကို နိုဝင်ဘာ ၁၄ ရက် (သောကြာနေ့) ည ၉ နာရီခန့်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel နှင့် MRTV Entertainment Channel တို့မှ တိုက်ရိုက် (Live) ထုတ်လွှင့် ပြသမည်ဖြစ်သည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံတေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ နာမည်ကျော်တေးသံရှင်များဖြစ်ကြသည့် ရဲထိုက်၊ ရာသ၊ ရှာန်ထူး၊ ဖြိုးဘိုဘို၊ လွှမ်းထက်ကို၊ စဝ်ဝဏ္ဏကျော်စွာ၊ စိမ့်နေခြည်၊ ရဲရင့်ဝေလွင်၊ အိအိလှိုင်နှင့် မေ့ချစ်သက်တို့က အမျိုးဂုဏ်ဇာတိဂုဏ်မြှင့်တင်နိုင်ရန်နှင့် ဂုဏ်ယူနိုင်ရန်အတွက် ဇာတိမာန်တက်ကြွစေမည့် ခေတ်အဆက်ဆက် ထင်ရှားကျော်ကြားခဲ့သည့် တေးသီချင်းကောင်းများနှင့် ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲကို MRTV-HD Channel နှင့် MRTV Entertainment Channel တို့မှ တိုက်ရိုက်(Live)ထုတ်လွှင့် ပြသမှုနှင့်အတူ MRTV App ၏ Entertainment Sector နှင့် MRTV Telegram တို့မှလည်း တစ်ပြိုင်တည်း Streaming လွှင့်တင်မည်ဖြစ်သည့်အပြင် နိုဝင်ဘာ ၁၆ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင်လည်း MRTV HD Channel မှ Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## သရက်မြို့ရှိ ပုဂ္ဂလိကဘဏ်များ မီးဘေးလုံခြုံရေးစစ်ဆေး

သရက် နိုဝင်ဘာ ၁၂

သရက်မြို့နယ် မီးသတ်ဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီး၊ ခရိုင်မီးသတ်ဦးစီးမှူးများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် မြို့နယ်အတွင်း မီးဘေးလုံခြုံရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ဆောင်ရွက်လျက်ရှိရာ ယမန်နေ့တွင် သရက်ခရိုင်မီးသတ်ဦးစီးမှူးဦးမောင်မောင်ထွေး၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝေဖြိုးအောင်နှင့် တပ်ဖွဲ့ဝင်များက သရက်မြို့ ကမ္ဘောဇဘဏ်ကို မီးဘေးလုံခြုံရေးစစ်ဆေးပြီးဘဏ်ဝန်ထမ်းများ မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများ အသုံးပြုတတ်စေရေးအတွက် လက်တွေ့သရုပ်ပြမီးငြိမ်းသတ်ခြင်းများ ဆောင်ရွက်ပြသပေးခဲ့ကြောင်း သိရသည်။ **ကောင်းစစ်နိုင်**

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)အရာထမ်းလောင်း(အထူး)သင်တန်း အမှတ်စဉ်(၁၄)သင်တန်းဆင်း

**ရန်ကုန် နိုဝင်ဘာ ၁၂**

အရာထမ်းလောင်း (အထူး) သင်တန်း အမှတ်စဉ်(၁၄)၏ သင်တန်းဆင်း စစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) တက္ကသိုလ် စစ်ရေးပြကွင်း(၁)၌ ပြုလုပ်သည်။



သင်တန်း ဆင်းပွဲသို့ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဝင် ဦးရဲနိုင်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)မှ ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်အလံကို အလေးပြုကြပြီး ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဝင် ဦးရဲနိုင်အား သင်တန်းဆင်းတပ်ခွဲက အလေးပြုခြင်း၊ ထူးချွန်ဆုရရှိသူများအား ဆုချီးမြှင့်ခြင်းနှင့် အောင်လက်မှတ်ပေးအပ်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယင်းနောက် ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဝင် ဦးရဲနိုင်က အရာထမ်းလောင်းများ အနေဖြင့် ဝန်ထမ်းဂုဏ်သိက္ခာနှင့် ထုတ်ပြန်ထားသည့် စည်းမျဉ်း၊ စည်းကမ်းများကို တိတိကျကျ လိုက်နာကြရန်၊ နိုင်ငံ့ဝန်ထမ်း သစ္စာအဓိဋ္ဌာန် (၆)ချက်ကို ဦးထိပ်ပန်ဆင်ပြီး ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် အမိန့်ညွှန်ကြားချက်များအပြင် နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်အပါး ၃၀ ကို ကိုယ်တိုင်စံပြဖြစ်အောင် လိုက်နာပြီး လက်အောက် ဝန်ထမ်းများ လိုက်နာကျင့်ကြံစေရေး ညွှန်ကြားပေးကြရန်၊ "ထမ်းဆောင်ရမည့်တာဝန်၊ စောင့်ထိန်းရမည့် ကျင့်ဝတ်၊ လိုက်နာရမည့် စည်းကမ်း" များနှင့်အညီ ပေးအပ်လာသည့် တာဝန်များကို စေတနာထား၍ ထမ်းဆောင်ကြရန် တိုက်တွန်းမှာကြားသည်။

အဆိုပါ သင်တန်း၏ ဘွဲ့နှင်းသဘင်အခမ်းအနားကို နိုဝင်ဘာ ၁၁ ရက်တွင် ရတနာသိဃ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြီး နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)မှ ပါမောက္ခချုပ်က ပြည်သူ့ဝန်ထမ်း စီမံခန့်ခွဲမှုဘွဲ့လွန် ဒီပလိုမာလက်မှတ်များ ပေးအပ်သည်။ သင်တန်းသို့ သင်တန်းသား ၈၈ ဦး၊ သင်တန်းသူ ၁၂၂ဦး၊ စုစုပေါင်း ၂၁၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ဇူလိုင် ၂၁ ရက်မှ နိုဝင်ဘာ ၁၂ ရက်ထိဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## တောင်ဥက္ကလာပမြို့နယ်၌ မဲစာရင်းများ ပြည့်စုံမှန်ကန်စေရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**ရန်ကုန် နိုဝင်ဘာ ၁၂**

ရန်ကုန် တိုင်းဒေသကြီး တောင်ဥက္ကလာပ မြို့နယ်တွင် မဲစာရင်းများပြည့်စုံမှန်ကန်စေရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို နိုဝင်ဘာ ၁၁ ရက် နံနက်ပိုင်းက မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြတ်မိုးက မဲစာရင်းများ ပြည့်စုံမှန်ကန်စေရေး၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး၊ ရွေးကောက်ပွဲကာလအတွင်း လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ နိုဝင်ဘာလအတွင်း ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာမည်ဖြစ်၍ ကြီးကြပ်ရေးအဖွဲ့များက အမှားအယွင်းမဖြစ်စေဘဲ ကြပ်မတ်ဆောင်ရွက်ရန်၊ ဌာနဆိုင်ရာများ အနေဖြင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြရန် ပြောကြားခဲ့ကြောင်း သိရသည်။

**ခင်ဆွေနှင်း(ပြန်/ဆက်)**

## ရှောင်မြို့နယ်၌ မဲစာရင်းမှန်ကန်စေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်

**ရှောင် နိုဝင်ဘာ ၁၂**

ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ရှောင်မြို့နယ်အတွင်း ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပဆောင်ရွက်နိုင်ရန်အတွက် မဲစာရင်းမှန်ကန်စေရေး ပူးပေါင်းစိစစ်ဆောင်ရွက်ခြင်းလုပ်ငန်းများကို နိုဝင်ဘာ ၅ ရက်မှ၁၀ ရက်အထိ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဆိုင်နှင့် ဝန်ထမ်းများ၊ ရပ်ကွက်/ ကျေးရွာအုပ်စု စာရေးဝန်ထမ်းများ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူး ဦးထင်ကျော်ဦးနှင့် ဝန်ထမ်းများ၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဦးစီးအရာရှိ ဒေါ်ဇူဇူပိုင်ဝင်းနှင့် ဝန်ထမ်းများ၊ နိုင်ငံရေးပါတီကိုယ်စားလှယ်များ၊ ရပ်ကွက်/ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ များနှင့်အတူ စိစစ်ဆောင်ရွက်ခဲ့ကြသည်။



အဆိုပါ ကိစ္စနှင့်ပတ်သက်၍ ယနေ့နံနက်ပိုင်းတွင် မဲစာရင်းမှန်ကန်စေရေးအတွက် စိစစ်ထားရှိမှုအပေါ် လိုအပ်ချက်များကို ပြင်ဆင်ဆောင်ရွက်နိုင်ရန် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ပေါင်းစပ်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## သဃ်န်းကျွန်းမြို့နယ်၌ မဲစာရင်းမှန်ကန်ပြည့်စုံရေး စစ်ဆေးဆောင်ရွက်

**ရန်ကုန် နိုဝင်ဘာ ၁၂**

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမျိုးနှင့် သဃ်န်းကျွန်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများစုပေါင်း၍ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါတွေ့ဆုံပွဲတွင် သဃ်န်းကျွန်းမြို့နယ် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးလှမျိုးက ရပ်ကွက်များအလိုက် မဲရုံများထားရှိမှု အခြေအနေ၊ မဲဆန္ဒရှင်စာရင်းတွင် မပါဝင်သင့်သူများ မဲစာရင်းတွင် ပါဝင်မှုမရှိစေရေး မဲစာရင်းတိုက်ဆိုင် စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ဇော်မိုး (သဃ်န်းကျွန်း)**

## မရမ်းကုန်းမြို့နယ်၌ ဒုတိယအကြိမ် မဲစာရင်းများထုတ်ပြန်နိုင်ရေး စိစစ်ခြင်းဆောင်ရွက်

**ရန်ကုန် နိုဝင်ဘာ ၁၂**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်၌ ဒုတိယအကြိမ် မဲစာရင်းများ ထုတ်ပြန်ကြေညာသွားမည်ဖြစ်ရာ မဲစာရင်းများ ပြည့်စုံမှန်ကန်စေရေး စိစစ်ခြင်း လုပ်ငန်းကို ယနေ့နံနက်ပိုင်းက မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ မရမ်းကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူးက မဲစာရင်း စိစစ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် မှားယွင်းမှုမရှိစေရေး အလေးထားဆောင်ရွက်ကြရန်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ မြို့နယ် မဲစာရင်းများ စိစစ်ရေးအဖွဲ့ ခေါင်းဆောင် ဦးမင်းသူက မဲစာရင်းများ ဒုတိယအကြိမ် ကြေညာခြင်းမပြုမီ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ အုပ်စုများအနေဖြင့် ပြင်ဆင်ပြီးစာရင်းများကို ကျန်ရှိမှု၊ မှားယွင်းမှုမရှိစေရေး ထပ်မံစိစစ်ပေးစေလိုကြောင်းပြောကြားပြီး မြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ အတွင်းရေးမှူး ဒေါ်ရင်နွေ့ က မဲစာရင်းများ စိစစ်ခြင်းနှင့်ပတ်သက်သည့် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူးရုံး၊ ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများနှင့် မြို့နယ်ရှိနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်တို့ဖြင့် မဲစာရင်းများ ပြည့်စုံမှန်ကန်မှုရှိစေရေး စိစစ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ငါန်းဇွန်မြို့နယ်၌ မဲစာရင်းများ ပြည့်စုံမှန်ကန်မှုရှိစေရေး စိစစ်ခြင်းဆောင်ရွက်

**ငါန်းဇွန် နိုဝင်ဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ်၌ မဲစာရင်းများ ပြည့်စုံမှန်ကန်စေရေး မဲစာရင်းစိစစ်ခြင်းကို ယနေ့နံနက်ပိုင်းက မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံး၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မဲစာရင်းများပြည့်စုံမှန်ကန်ရေးအတွက် မဲဆန္ဒရှင်များ၏ တောင်းဆိုမှု၊ ပြင်ဆင်မှုနှင့် ကန့်ကွက်မှုများကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ ရပ်ကွက်/ကျေးရွာ



အုပ်ချုပ်ရေးမှူးများ၊ ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲများနှင့် မြို့နယ်ရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်တို့ဖြင့် ပြန်လည်တိုက်ဆိုင်စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သက်နောင်ဦး(ငါန်းဇွန်)**

## “ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်”

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ကျောက်မြောင်းလမ်း၊ အမှတ်(၉၉/၁၀၁)ပေါ်တွင် ဆောက်လုပ်ထားသော(၄)ခန်းတွဲ (၈)ထပ်တိုက် အနက်မှ (ကျောက်မြောင်းလမ်းနှင့် မလွှကုန်းလမ်းထောင့်ခန်း)ရှိ (မြေညီထပ်) တိုက်ခန်း၊ အကျယ်အဝန်း (၄၀ပေ/၆၀ပေx၅၀ပေ) ခန့်ရှိ ရေမီး မီတာ အပါအဝင် တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းအပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်များအားလုံးကို အရပ်ကတိအရောင်းအဝယ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင် လက်ရောက်ရရှိထားသူ ဒေါ်မော်မော်ဦး [၁၂/တမန(နိုင်)၁၀၆၁၇၃]မှ လွှဲပြောင်း ရောင်း ချပိုင်ခွင့်ရှိကြောင်း၊ အမွေစားအမွေခံ အရှုပ်အထွေးကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ ရောင်းချလိုပါကြောင်း ကမ်းလှမ်းလာပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေက ရောင်းဖိုးငွေများအနက်မှ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ပါးပါးနီ (LLB,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၁၈၄၇)**
**တိုက်(၉/၁၁)၊ အခန်း(၂၀၂–အေ)၊ ဒုတိယထပ်၊ (၃၆–လမ်း)တို၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၇၉၉၈၄၇၈၆၂၊၀၉–၂၅၅၇၇၈၀၉၄**

## ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ စမ်း/တောင်ရပ်ကွက်၊ အမှတ် (၃၉)၊ (၇)လွှာ အကျယ်အဝန်း (၁၈၀၀)စတုရန်းပေ ရှိ ဓာတ်လှေကားပါ မီနီကွန်ဒိုတိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးနှင့် ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ စမ်း/တောင်ရပ်ကွက်၊ အမှတ် (၃၉)၊ (၇)လွှာ အကျယ်အဝန်း (၁၈၀၀)စတုရန်းပေရှိ ဓာတ်လှေကားပါ မီနီကွန်ဒို တိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး**တို့ကို **ဒေါ်ခင်ရီ [၁၂/မရက(နိုင်)၀၆၂၄၂၁]**မှ မိမိသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အရောင်းအဝယ်ပြုလုပ်ရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏ မိတ်ဆွေ ဖြစ်သူ **ဒေါ်ခိုင်ဇာအောင် [၇/ပတန(နိုင်)၀၉၉၃၅၈]**က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသ ကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤအိမ်မြေ အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်း အဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်နန်းနီလာချစ်ဆွေ** | **ဒေါ်ယွန်းသန္တာအောင်** |
| **(LLB, D.B.L, D.I.L, D.I.P.L)** | **(LL.B)** |
| **အထက်တန်းရှေ့နေ (စဉ်– ၃၉၅၆၁)** | **အထက်တန်းရှေ့နေ (စဉ်– ၄၈၁၂၇)** |

**အမှတ် (၁၇၁)၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း–၀၉–၂၅၄၅၄၇၁၂၈၊ ၀၉–၇၅၅၄၉၁၂၄၄**

## ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၁)ထူပါရုံရပ်ကွက်၊ ထူပါရုံ(၁)လမ်း၊ အိမ်အမှတ်(၁၁၄၇)၊ အကျယ်အဝန်း (၄၀ ပေx၆၀ ပေ) မြေပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၆)ထပ်တိုက်ရှိ မြေညီထပ် (ခေါင်းရင်းခန်း၊ ခြေရင်းခန်း)၊ မှန်ခန်း(ခေါင်းရင်းခန်း)၊ စတုတ္ထထပ် (ခေါင်းရင်းခန်း) တိုက်ခန်းများ၊ ယင်းတိုက်ခန်းများနှင့် ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်တို့အပြင် ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ (၄)ရပ်ကွက်၊ အင်းတိုင်းဆေးခန်း လမ်းမပေါ်၊ အကျယ်အဝန်း (အလျား ၁၇ ပေ x အနံ ၁၆၀ ပေ)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

အထက်ပါ အကြောင်းအရာနှင့်စပ်လျဉ်းပြီး ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ကြယ်စင်လင်းခန့်(ခ)မိုးမြင့်ထက် [၁၂/သကတ(နိုင်)၂၀၃၆၀၄] (ခေတ္တ–စင်္ကာပူ)၏ သိရှိသဘောတူခြင်းမရှိဘဲ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ပေးကမ်းခွင့်၊ အလွဲသုံးစား ပြုလုပ်ခွင့်မရှိကြောင်း၊ ဖော်ပြပါအချက်များအား ဖောက်ဖျက်ကျူးလွန်ပါက ကျွန်ုပ်မိတ်ဆွေမှ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားချက်ပေးသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်ကြယ်စင်လင်းခန့်** | **ဒေါ်ယုဇနခင်** |
| **(ခ)မိုးမြင့်ထက်** | **တရားလွှတ်တော် ရှေ့နေ (စဉ်–၁၈၅၂၉)** |
| **[၁၂/သကတ(နိုင်)၂၀၃၆၀၄]** | **တိုက်(၂)၊ အခန်း(၃၀၂)၊ မြင်တော်သာလမ်း၊** |
| | **၂/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်။** |
| | **၀၉–၂၅၀ ၉၇၇ ၇၁၇** |

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်–မမ–၁၊ ဦးပိုင်အမှတ်– ၄၇/၁၁၅x၁၁၆ လမ်းကြား၊ ၅၃x၅၄ လမ်းကြားရှိ ဒေါ်သန်းနွဲ့ အမည်ပေါက် တောဂရန်မြေကွက်အား၊ တရားလို ဒေါ်စိုးစိုးသိမ်း ကတရားပြိုင် ဒေါ်သန်းနွဲ့အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ချမ်းမြသာစည်မြို့နယ် တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၁၃၉/၂၀၂၅) ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဒေါ်စိုးစိုးသိမ်း [၉/မလန(နိုင်)၀၀၃၉၃၃] က တောဂရန်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အရှေ့ရပ်ကွက်၊ အကွက်အမှတ်– (၂၇၄)၊ ဦးပိုင်အမှတ်– ၁၀–ခ ခဲစင်းမြောက်ခြမ်း/ ၈၇လမ်းနှင့် ၃၄လမ်းထောင့်ရှိ ဒေါ်သေးမျှင် အမည်ပေါက် ဘိုးဘမြေကွက်အား အမွေဆက်ခံစာချုပ်အမှတ် (၁၈၀၇/၂၀၁၃)ဖြင့် ပိုင်ဆိုင်ခဲ့သူ ဒေါ်ကြည်မြင့်ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၁၇၆၅/၂၀၁၄)ဖြင့် ဒေါ်လုံးကြည်ကဝယ်ယူခဲ့ပြီး၊ ဖခင်ဦးနီ၊ မိခင်ဒေါ်လုံးကြည်၊ သား ဦးတင်ထွန်း (လူပျိုဘဝ)တို့ကွယ်လွန်၍ ကျန်ရစ်သူ သားသမီးများဖြစ်ကြသော ဦးနေထွန်း [၉/မနတ(နိုင်)၀၁၈၀၈၀]၊ ဒေါ်လှလှဝင်း [၉/မနတ(နိုင်)၀၀၉၅၄၂]၊ ဦးသိန်းနိုင်ဝင်း [၉/မနတ(နိုင်)၀၀၉၄၈၂]၊ ဒေါ်စန်းစန်းဝင်း(ခ)စမ်းစမ်းဝင်း [၉/ခအဇ(နိုင်)၀၀၁၇၃၉]တို့က အမည်ပေါက်မြေပုံ၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ ခဲစင်းပြ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက် (၈)၊ ဗေဒါ(၁)လမ်း၊ မြေကွက်အမှတ်(၈၉၀/ခ)၊ ဦးသန်းစိုး (TGA– 074701)စာအမှတ်(2350)၊ ပါမစ်မူရင်း အမည်ပေါက် (၂၀x၆၀)ပေ၊ မြေကွက်နေအိမ်အပါအဝင် ယင်းနေအိမ်၌ တွယ်ကပ်တပ်ဆင်ထားသော ပစ္စည်းများနှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အားငှင်းသာလျှင် လက်ဝယ်၊ လက်ရှိပိုင်ဆိုင် အကျိုးခံစားလျက်ရှိကြောင်းနှင့် အရှုပ်အရှင်းကင်းကြောင်း ဝန်ခံကတိပြု၍ အရောင်းအဝယ်အဆက်စပ်စာချုပ်မူရင်းများနှင့် အပြီးအပိုင်ရောင်းချသူ ဒေါ်ဝင်းဝင်းစန္ဒာ [၆/ပလန(နိုင်)၀၀၃၂၁၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးမြတ်မြတ်မွန် [၁၂/ဒဂရ(နိုင်)၀၀၈၈၀၇]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်၊ စာတမ်း အထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် ကျွန်ုပ်ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးမြတ်မြတ်မွန်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇာခြည်သက်(LL.B) အထက်တန်းရှေ့နေ (စဉ်– ၄၈၁၇၈)**
**၀၉–၄၄၀၉၈၆၁၄၆**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်– ၁၃၉၊ မြေကွက်အမှတ်– ၁၃၂၊ အကျယ်အဝန်း (၄၀ပေx ၆၀ပေ)ရှိ ပါမစ်မြေ အမျိုးအစားမြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၏ မြို့မြေစာရင်းတွင် ဦးစိုးကြိုင် အမည်ဖြင့် မှတ်သားတည်ရှိ၍ ၎င်းထံမှ အရောင်းအဝယ်စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်၍ အရှုပ်အရှင်းကင်းစွာ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးစိုးနိုင် [၁၀/မလမ(နိုင်)၀၂၄၀၄၀]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်သင်းသင်းလှိုင် [၈/တတက(နိုင်)၁၀၀၉၃၄]က အပြီးအပိုင် ဝယ်ယူရန် စရန်ငွေများပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက် အတွင်း တိကျခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ကြည်ကြည်ထွေး (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၂၃၀၀)**
**အမှတ်– ၁၆(ခ)၊ ရန်ကုန်လမ်း၊ (၆/၉)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း–၀၉–၄၂၀၀၅၈၅၅၃၊ ၀၉–၇၉၉၄၆၆၉၅၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ပြည်တော်သာရပ်ကွက်၊ ပြည်တော်သာတိုးချဲ့ (၄)လမ်း၊မြေကွက်ကြီးအမှတ်(၆/၂)အိမ်ရာကွက်ငယ်အမှတ်(၃၂၀)၊တကကဝမ်းမောင်(PTI–၀၂၂၃၄၅) အမည်ပေါက် ဧရိယာ (၄၀x၆၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေရှိ RC တစ်ထပ်တိုက်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း အဆိုပြုသူ ဦးသန်းဝင်း (ဘ) ဦးသာအေး [၁၂/လကန(နိုင်)၁၄၁၇၃၂]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်လှလှဝေ [၁၂/လကန(နိုင်)၀၉၉၄၉၃]က အပိုင်ဝယ်ယူရန် အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်လှလှဝေ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဆွေဇင်ဝင်း(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၅၀၂၄)**
**၁/ရ(၅)လမ်း၊ မေဃဝတီတိုးချဲ့၊ သာသနာ့ရိပ်သာရပ်ကွက်၊ လှည်းကူးမြို့။**
**ဖုန်း–၀၉–၄၂၁၀၃၀၆၈၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်– ၃၆ (အဆင့်မြင့်)၊ စိန်ရတနာလမ်း၊ မြေကွက်အမှတ်– ၇၉၅၊ ဧရိယာအကျယ်အဝန်း (၀.၁၀၉)ဧကရှိသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို အမည်ပေါက် ပိုင်ဆိုင်သူ ဒေါ်နုနုလွင် (ဘ) ဦးဝိုင်းမောင်၊ မှတ်ပုံတင်အမှတ် [၁၂/ကမရ (နိုင်) ၀၃၀၀၀၁] ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသောအထောက်အထား စာရွက်စာတမ်း မူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည် အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စုရည်လင်း LL.B, LL.M**
**အထက်တန်းရှေ့နေ (စဉ်– ၂၅၃၇၄) (၂၀၀၇)**
**အမှတ်(၇၈)၊ အခန်းအမှတ် (၇၀၄)၊ ၆ လွှာ၊ Golden River Residence၊**
**မြခွာညိုအိမ်ရာ၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း – ၀၉–၂၅၆၄၂၀၇၅၇**

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာ”

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ အမှတ်(၃)၊ မဟာဆွေလမ်း၊ မဟာဆွေကွန်ဒိုမီနီယမ်၊ အခန်းနံပါတ် (B–၈၀၂)၊ ကွန်ဒိုတိုက်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင် အမည်ပေါက် လက်ရှိထားပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူများဖြစ်သော စိုင်းလင်းလင်းဦး [၁၃/ပလတ (နိုင်) ၀၀၀၀၅၂] နှင့် နန်းခမ်းလုံ [၁၃/တခလ (နိုင်) ၀၈၂၃၂၂] ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဦးကြည်သာဦး [၁၂/ရကန (နိုင်) ၀၆၀၃၀၆]မှ ကွန်ဒိုတိုက်ခန်း အပြီးအပိုင်ဝယ်ယူရန်အတွက် တိုက်ခန်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့် စပ်လျဉ်းပြီး ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကွန်ဒိုတိုက်ခန်းပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှု မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဦးခွန်သူရိန်အောင် (LL.B)** | **ဦးရန်နိုင်စိုး (LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်–၅၅၆၃၄)** | **အထက်တန်းရှေ့နေ(စဉ်–၅၃၆၈၀)** |

**အမှတ်–၁၀/၁၂၊ (ပထမထပ်) (ဘီ–၂)၊ ၃၅–လမ်း (အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၄၅၈၀၄၂၆၃၅**

## “ရန်ကုန်တိုင်းဒေသကြီး၊ မော်ဘီခရိုင်၊ ထန်းတပင်မြို့နယ်၊ ဝါးတစ်ရာကျေးရွာအုပ်စု ၊ ရေတွင်းကုန်းကျေးရွာ၊ မေတ္တာဦးလမ်း၊ အမှတ်(၆၆) ၊ အကျယ်အဝန်း (၂၆ × ၁၈၀) ပေရှိ ရွာမြေအမျိုးအစားမြေကွက်အား အပြီးအပိုင်ဝယ်ယူခြင်းနှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း”

အထက်ပါမြေကွက်အား **ဒေါ်အေးမြတ်စံသူ (၁၂/လသယ(နိုင်)၁၀၀၇၄၃)** မှ တရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချခွင့်ရှိကြောင်းဝန်ခံပြီး အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းခဲ့သဖြင့် ကျွန်ုပ်မိတ်ဆွေ **ဒေါ်နိုင်နိုင်မော် (၁၄/ကလန (နိုင်)၂၁၀၅၂၃)** မှ အပြီးအပိုင်ဝယ်ယူရန် (၁၁-၁၁-၂၀၂၅) ရက်နေ့တွင် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤကြော်ငြာပါသည့် နေ့မှစ၍ (၇) ရက်အတွင်း စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နိုင်နိုင်မော် ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်နှင်းဝတ်ရည်ထွန်း LL.B,D.I.P.L (အထက်တန်းရှေ့နေ) (စဉ်-၅၁၀၉၇)**
**အမှတ်-၁၃၅ ၊ တတိယထပ်၊ ဆိပ်ကမ်းသာလမ်း၊ (၇) ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း ၀၉-၄၄၉၄၄၈၇၉၇**

## “ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃)ရပ်ကွက်၊စက်မှုလယ်ယာ(၂)လမ်း၊ အမှတ်(၁၇၅)၊ (၄၀ပေx ၆၀ပေ) ဧရိယာအကျယ်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်မိမိအောင် PAN.၁၆၄၄၄၉ အမည်ဖြင့် မှတ်သားတည်ရှိပြီး ယင်းမြေကွက်၏ တရားဝင်မခွဲစိတ်ရသေးသည့် အမှတ်(၁၇၆) နှင့် ကပ်လျက် (၂၀ပေx၆၀ပေ)ကို တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဦးအောင်လွင် [၁၀/မလမ(နိုင်)၀၂၈၆၉၆] မှ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိကြောင်း ဝန်ခံကတိပြုလျက် ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်လွင်မေသန့် [၁၂/လမတ(နိုင်) ၀၀၂၅၃၁]မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ ရောင်းချမှုကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား တရားဝင်စာချုပ်စာတမ်း မူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးကျော်အောင် (LL.B) အထက်တန်းရှေ့နေ (စဉ်– ၂၂၅၅၅)**
**အမှတ်(၁၆၄၃)၊ သီပွံမောင်ဝလမ်း၊ ၄၂–ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉– ၂၅၀၅၀၆၀၄၃**

## ပျောက်ဆုံးကြောင်း

(ဘ) ဦးမြင့်စိုး၏ သား မောင်သက်ဆွေခန့်ကို [၁၂/ကမတ (နိုင်) ၀၆၇၉၆၃]၏ ပင်လယ်ပြင် လုပ်သက် အတည်ပြုမှတ်တမ်းများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၄၂၁၁၁၀၅၇**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ် (အ–၅)၊ ဦးပိုင်အမှတ် ၆၈/၆၈x ၆၉ လမ်းကြား၊ ဇော်ဂျီx ကုသိုလ်တော်လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ခင်ဝင်းကြည် [၉/မနမ(နိုင်) ၀၉၆၇၈၄]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်– စစ–၃၊ ဦးပိုင်အမှတ်–၁၀–ကခဲစင်း/ ၁၀၅x၁၀၆ လမ်းကြား၊ ၅၇x၅၈ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးသက်ဝေ [၉/မရတ (နိုင်) ၁၁၂၈၁၈]၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၄၇၃၉/၂၀၁၆) ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးအောင်သူမိုး [၉/မရတ(နိုင်)၁၁၂၇၆၀]က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## “ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၂၀)ရပ်ကွက်၊ မြေတိုင်းအမှတ်(၄၆)၊ ရေကြည်(၃)လမ်း၊ မြေကွက်အမှတ်(၄၈၁)၊ ပေ( ၄၀' x ၆၀')ရှိ ဂရန်မြေကွက်၏ အကျိုးခံစားခွင့်များကို ကန့်ကွက်နိုင်ပါကြောင်း”

